# သင်၏ဓမ္မပညာအား တည်ဆောက်ခြင်း

သင်ခန်းစာ သုံး

ဖွင့်လှစ်ဖော်ပြခြင်းအပေါ် မှီခိုကိုးစားခြင်း

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဗီစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မှီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။  ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။  ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။  ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


**နိဒါန်း ........ 1**

**ဖွင့်လှစ်ဖော်ပြခြင်းကို ရှာဖွေခြင်း ........ 2**

**ယေဘူယျဖွင့်လှစ်ဖော်ပြခြင်း ........ 2**

ကြားခံနည်းလမ်း ........ 3

အကြောင်းအရာ ........ 5

**အထူးဖွင့်လှစ်ဖော်ပြခြင်း ........ 6**

**အပြန်အလှန်ဆက်နွှယ်မှုများ ........ 9**

ထပ်နေခြင်း ........ 9

လိုအပ်ချက် ........ 13

**ဖွင့်လှစ်ဖော်ပြခြင်းကို နားလည်ခြင်း ........ 16**

**အပြစ်၏အတားအဆီး ........ 17**

ယေဘူယျဖွင့်လှစ်ဖော်ပြခြင်း ........ 17

အထူးဖွင့်လှစ်ဖော်ပြခြင်း ........ 19

**သန့်ရှင်းသောဝိညာဉ်တော်၏အလင်းပေးခြင်း ........ 21**

အထူးဖွင့်လှစ်ဖော်ပြခြင်း ........ 22

ယေဘူယျဖွင့်လှစ်ဖော်ပြခြင်း ........ 24

**ရလဒ်များ ........ 26**

**ယုံကြည်စိတ်ချမှု တိုးပွားခြင်း ........ 30**

**တူညီသောအရည်အသွေး ........ 31**

**ကြည်ညိုလေးစားမှုလုပ်ငန်းစဉ် ........ 34**

သမ္မာကျမ်းစာအနက်ပြန်ခြင်း ........ 36

လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်ဆက်ဆံခြင်း ........ 37

ခရစ်ယာန်အသက်ရှင်ခြင်း ........ 38

**သင့်လျော်သော ချိန်ညှိမှု ........ 39**

**နိဂုံး ........ 42**





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

သင်သည် တစ်စုံတစ်ဦးအား သင်၏လက်ဆောင်ကို အသုံးပြု၊ မပြုသိနိုင်ရန်အတွက်သာ လက်ဆောင်ပေးဖူးပါသလား။ တစ်ခါက ပန်းချီဆရာတစ်ဦးသည် သူ၏သူငယ်ချင်းအား လှပသောပန်းချီကားတစ်ချပ်ပေးခဲ့သည်။ ထိုအချိန်၌ သူ၏သူငယ်ချင်းသည် အလွန်အလုပ်များနေသောကြောင့်၊ မည်သည့်နေရာတွင်ချိတ်ဆွဲရမည်ကို မဆုံးဖြတ်ရသေးသောကြောင့် ဗီရိုထဲတွင်ထည့်ထားလိုက်သည်။ တစ်နှစ်မျှကြာသောအခါ၊ ပန်းချီဆရာသည် သူ၏သူငယ်ချင်းထံ ပြန်လည်၍လည်ပတ်ခဲ့သည်။ ပတ်ဝန်းကျင်ကိုကြည့်ကာ၊ ပန်းချီကားချပ်အကြောင်း မေးလေသည်။ သို့သော်သူ၏သူငယ်ချင်းသည် ၎င်းကိုမေ့နေခဲ့လေသည်။ သူ၏သူငယ်ချင်းသည် ဖြစ်ပျက်ခဲ့သမျှကို ရှင်းပြရန် ကြိုးစားနေသော်လည်း စိုးရိမ်နေခဲ့သည်။ သို့သော် မည်သို့ပင်ရှင်းပြနေစေကာမူ လက်ဆောင်ကို မကြိုက်ဟု ပန်းချီဆရာသည် ယူဆမြဲဖြစ်သည်။

ကျွန်ုပ်တို့၏ခရစ်ယာန်ဓမ္မပညာကို တည်ဆောက်ရာတွင် ဤကဲ့သို့သောအရာသည် အမှန်ပင်ဖြစ်သည်။ ခရစ်တော်၏နောက်လိုက်များအနေဖြင့်၊ ဘုရားသခင်သည် ကျွန်ုပ်တို့အား ကိုယ်တော်၏ဖွင့်လှစ်ဖော်ပြခြင်းဆုကျေးဇူးကို မရေမတွက်နိုင်သောနည်းလမ်းများဖြင့် ပေးတော်မူကြောင်း ယုံကြည်သည်။ သို့သော် ကျွန်ုပ်တို့ဘဝတွင်ကိုယ်တော်၏ဆုကျေးဇူးကို မည်မျှအသုံးပြုခြင်းအားဖြင့် ၎င်းကိုမည်မျှတန်ဖိုးထားကြောင်းကို ပြသသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဖွင့်လှစ်ဖော်ပြခြင်းကို မှီခိုကိုးစားရန်ပျက်ကွက်သောအခါ၊ ကျွန်ုပ်တို့အတွက် အရေးမကြီးကြောင်းပြသပြီး၊ ၎င်းမပါဘဲ ကျွန်ုပ်တို့၏ဓမ္မပညာကို တည်ဆောက်ရန် မိုက်မဲစွာကြိုးစားကြသည်။

ဤသင်ခန်းစာသည် ကျွန်ုပ်တို့၏ *သင်၏ဓမ္မပညာအား တည်ဆောက်ခြင်း* အခန်းဆက်ဆောင်းပါးတွင် တတိယမြောက်သင်ခန်းစာဖြစ်ပြီး "ဖွင့်လှစ်ဖော်ပြခြင်းအပေါ် မှီခိုကိုးစားခြင်း"ဟု ခေါင်းစဉ်တပ်ထားပါသည်။ ဤသင်ခန်းစာတွင်၊ ကျွန်ုပ်တို့၏ဓမ္မပညာကို ပြုစုပျိုးထောင်ရာတွင် ကိုယ်တော်၏ဖွင့်လှစ်ဖော်ပြခြင်းဆုကျေးဇူးအား မည်သို့အသုံးပြုရမည်ကို လေ့လာမည်။

သင်ခန်းစာကို အဓိကအပိုင်းသုံးပိုင်းခွဲပါမည်။ ဦးစွာ၊ ဖွင့်လှစ်ဖော်ပြခြင်းကိုရှာဖွေခြင်းနှင့်ပတ်သက်၍ သမ္မာကျမ်းစာသွန်သင်ရာကို လေ့လာမည်။ ဒုတိယ၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဖွင့်လှစ်ဖော်ပြခြင်းကို နားလည်ခြင်းတွင်ပါဝင်သော ပိုအရေးကြီးသည့် လုပ်ဆောင်မှုအချို့ကို ဆန်းစစ်မည်။ တတိယအနေဖြင့်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ဖွင့်လှစ်ဖော်ပြခြင်းမှ ကျွန်ုပ်တို့ရရှိသော ဓမ္မပညာဆိုင်ရာကောက်နုတ်ချက်များတွင် ယုံကြည်စိတ်ချမှုကို တိုးပွားစေမည့်နည်းလမ်းများကို သုံးသပ်မည်။ ဘုရားသခင်၏ဖွင့်လှစ်ဖော်ပြခြင်းကို မည်သည့်နေရာတွင်တွေ့ရသည်နှင့်ပတ်သက်၍ စတင်ကြည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ဖွင့်လှစ်ဖော်ပြခြင်းကို ရှာဖွေခြင်း

ဓမ္မပညာရှင်တို့သည် ဘုရားသခင်ကို "ဝှက်ထားသောဘုရားသခင်" သို့မဟုတ် ဘာသာရေးအသုံးအနှုန်းများအရ "*Deus Absconditus*" ဟု မကြာခဏပြောလေ့ရှိသည်။ဘုရားသခင်သည် မိမိကိုယ်ကို ထုတ်ဖော်ပြခဲ့သည့်အချက်ကြောင့်သာမဟုတ်ပါက ဘုရားသခင်သည်ကျွန်ုပ်တို့ထံမှလုံးလုံး ဖုံးကွယ်နေလိမ့်မည် ဖြစ်သည်။ စစ်မှန်သောယုံကြည်သူတိုင်းသည် ဘုရားသခင်၏ဖွင့်လှစ်ဖော်ပြခြင်းကို လိုအပ်ကြောင်းအသိအမှတ်ပြုသင့်သည်။ ဓမ္မဟောင်းပရောဖက်များ၊ သခင်ယေရှုနှင့် ဓမ္မသစ်ကျမ်းရေးသူများသည် ဤကိစ္စနှင့်ပတ်သက်၍ အသံတစ်သံတည်းဖြင့် ပြောဆိုခဲ့ကြသည်။ အသင်းတော်သမိုင်းတစ်လျှောက် သစ္စာရှိခရစ်ယာန်များသည်လည်း အလားတူလုပ်ဆောင်ခဲ့ကြသည်။ ကျွန်ုပ်တို့သည် လူသားများ၏ ထင်မြင်ယူဆချက်အပေါ်အခြေခံကာ ယုံကြည်စိတ်ချရသောဓမ္မပညာ မတည်ဆောက်နိုင်ပါ။ ဘုရားသခင်၏ဖွင့်လှစ်ဖော်ပြခြင်းဖြစ်သည့် ခိုင်မာသောအခြေခံအုတ်မြစ်ပေါ်တွင် ကျွန်ုပ်တို့တည်ဆောက်ရမည်ဖြစ်သည်။ သို့သော် ၎င်းအားလုံးသည် အရေးကြီးသည့်မေးခွန်းတစ်ခု ဖြစ်ပေါ်စေသည်။ ဘုရားသခင်၏ဖွင့်လှစ်ဖော်ပြခြင်းကို အဘယ်မှာရှာတွေ့နိုင်မည်နည်း။

ဖွင့်လှစ်ဖော်ပြခြင်းကို ရှာဖွေခြင်း၏အကြောင်းအရာကို ကျွန်ုပ်တို့လေ့လာသောအခါ၊ ပြဿနာသုံးရပ်ကို တွေ့ရမည်။ ဦးစွာ၊ ယေဘုယျဖွင့်လှစ်ဖော်ပြခြင်းအယူဝါဒကို ကြည့်ပါမည်။ ဒုတိယ၊ အထူးဖွင့်လှစ်ဖော်ပြခြင်းအယူဝါဒကို သုံးသပ်ပါမည်။ တတိယ၊ ဤဖွင့်လှစ်ဖော်ပြမှုပုံစံနှစ်ခုကြား အပြန်အလှန်ဆက်နွှယ်မှုကို ဆန်းစစ်ပါမည်။ ယေဘုယျဖွင့်လှစ်ဖော်ပြခြင်းဖြင့် စတင်ကြပါစို့။

## ယေဘုယျဖွင့်လှစ်ဖော်ပြခြင်း

ဘုရားသခင်သည် မိမိကိုယ်ကို လူသားများအားထုတ်ဖော်ပြသသည့် အဓိကနည်းလမ်းများထဲမှ တစ်ခုမှာ "ယေဘုယျဖွင့်လှစ်ဖော်ပြခြင်း" ဖြစ်သည်။ ဘုရားသခင်သည် ယေဘုယျအားဖြင့် ဖန်ဆင်းခံအရာအားလုံးဖြင့်လည်းကောင်း၊ ယေဘုယျအားဖြင့်လူအပေါင်းတို့အား မိမိကိုယ်မိမိဖော်ပြကြောင်းကို ဖော်ပြရန်အတွက် "ယေဘုယျ" ဟူသောအသုံးအနှုန်းကို ကျွန်ုပ်တို့အသုံးပြုသည်။ ဤဖွင့်လှစ်ဖော်ပြခြင်းသည်သဘာဝ သို့မဟုတ် ဖန်ဆင်းခြင်းကြားခံနည်းလမ်းမှတဆင့် ဖြစ်သောကြောင့် တစ်ခါတစ်ရံ ၎င်းကို "သဘာဝဖွင့်လှစ်ဖော်ပြခြင်း" ဟုလည်း ခေါ်သည်။

သမ္မာကျမ်းစာကျမ်းပိုဒ်များစွာသည် ယေဘုယျ ဖွင့်လှစ်ဖော်ပြခြင်းအကြောင်း ကျွန်ုပ်တို့ကို သင်ပေးသည်။ ဥပမာ၊ အယူအဆကို ဆာလံ ၁၉:၁-၆၊ တမန်တော် ၁၄:၁၅-၁၇ နှင့် ၁၇:၂၆၊ ၂၇ တွင်တွေ့ရသည်။ သို့သော် သမ္မာကျမ်းစာပါ ယေဘုယျဖွင့်လှစ်ဖော်ပြခြင်းအကြောင်း အပြည့်အစုံဖော်ပြချက်ကို ရောမ ၁:၁၈-၃၂ ၏ အခန်းငယ်များတွင် တွေ့ရပါမည်။

> ယေဘုယျဖွင့်လှစ်ဖော်ပြခြင်းဆိုသည်မှာ ဘုရားသခင်သည် ကျွန်ုပ်တို့အား ကိုယ်တော်၏အကြောင်းကို ထုတ်ဖော်ပြသခြင်း သို့မဟုတ် ဖန်ဆင်းခြင်းအားဖြင့်လည်းကောင်း၊ ထောက်မပေးခြင်းအားဖြင့်လည်းကောင်း၊ ဆိုလိုသည်မှာ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> သဘာဝတရားအားဖြင့်လည်းကောင်း၊ သမိုင်းလမ်းကြောင်းအားဖြင့် ဖော်ပြခြင်းဖြစ်သည်။ ၎င်းသည် မျက်စိဖွင့်ပေးခြင်း၊ ဥပမာ ဆာလံ ၁၉ တွင် တွေ့မြင်ရသည့်အတိုင်း ဘုရားသခင်အကြောင်းဖော်ပြသည်မှာ_ "မိုဃ်းကောင်းကင်သည် ဘုရားသခင်၏ ဘုန်း အသရေတော်ကို ကြားပြော၏။" ထို့ကြောင့် ကောင်းကင်၊ ကောင်းကင်အရာများ၊ မြေကြီး၊ နေ၊ လ၊ ကြယ်စသည်တို့ကို ဆင်ခြင်သုံးသပ်ခြင်းဖြင့် ဘုန်းကြီးတော်မူသော ဖန်ဆင်းရှင်တစ်ပါးရှိကြောင်း တွေးကြည့်နိုင်ပါသည်။ ရောမ ၁ တွင်လည်း၊ ဘုရားသခင်အကြောင်း၊ ကိုယ်တော်၏တန်ခိုးနှင့် ဉာဏ်ပညာနှင့်ပတ်သက်၍ ဖန်ဆင်းခြင်းတွင်ကြည့်ခြင်းအားဖြင့် ကျွန်ုပ်တို့သိမြင်နိုင်သည်ဟူသောအကြောင်းကို ပေါလုပြောထားသည်။

**ဒေါက်တာ Larry Trotter**

ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ဤကျမ်းစာသွန်သင်ချက်ကို ကြည့်ရှုရာ၌ အကြောင်းအရာနှစ်ခုဖြစ်သည့်_ ကြားခံနည်းလမ်း—ယေဘူယျဖွင့်လှစ်ဖော်ပြပေးသည့်ကိရိယာ သို့မဟုတ် နည်းလမ်း—နှင့် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်း၏ အကြောင်းအရာကို လေ့လာသင့်သည်။ ပထမတွင်၊ ယေဘူယျဖွင့်လှစ်ဖော်ပြခြင်း၏ကြားခံနည်းလမ်းသည် ဖန်ဆင်းခြင်းအားလုံးဖြစ်ကြောင်း သမ္မာကျမ်းစာသွန်သင်သည်။

## ကြားခံနည်းလမ်း

ရောမ ၁:၁၈-၂၀ တွင် ပေါလုတင်ပြပုံကို နားထောင်ပါ_

> ဘုရားသခင်၏ အမျက်တော်သည်ကောင်းကင်မှ ထင်ရှားလျက်ရှိ၏။...သူတို့[လူသားများ]တွင် ထင်ရှားလျက်ရှိ၏။...ဖန်ဆင်းတော်မူသော အရာများကို ထောက်ရှုသဖြင့် (ရောမ ၁:၁၈-၂၀)။

ဤစကားများသည် ဘုရားသခင်သည် ဖန်ဆင်းခြင်းမှတဆင့် သို့မဟုတ် ဤနေရာတွင် "ဖန်ဆင်းတော်မူသောအရာများ" ဟုဆိုသည့်အတိုင်း ကျွန်ုပ်တို့အားထုတ်ဖော်ပြသခြင်း ဖြစ်သည်။

ဖွင့်လှစ်ဖော်ပြခြင်းသည် အာကာသရှိကြီးမားသော နဂါးငွေ့တန်းများနှင့် အလွန်သေးငယ်သော အစိတ်အပိုင်းများမှ တစ်ဆင့် ထွက်ပေါ်လာသည်။ ဖန်ဆင်းခြင်း၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ကူးဆိုင်ရာနှင့် ဝိညာဉ်ရေးဆိုင်ရာ အတိုင်းအတာများ အရာအားလုံးသည်—လူသားများအဖြစ် ကျွန်ုပ်တို့၏ကိုယ်ပိုင်ဖြစ်တည်မှုသည်ပင်— ဘုရားသခင်၏ဖွင့်လှစ်ဖော်ပြခြင်းကို ပုံဖော်ပေးသည်။ ဝမ်းနည်းစရာမှာ၊ ရောမ ၁ တွင်တွေ့ရသော စကားလုံးများသည် ဖန်ဆင်းခြင်းသဘောတရားများကိုသာ ရည်ညွှန်းသည်ဟု ခရစ်ယာန်များယူဆလေ့ရှိသည်။ သစ်တောများ၊ ရေကန်များ၊ တောင်တန်းများနှင့် တောကန္တာရများသည် ကျွန်ုပ်တို့၏အတွေးအခေါ်များကို ဘုရားသခင်ထံ မည်သို့ရောက်ရှိစေနိုင်ကြောင်း ကျွန်ုပ်တို့သိကြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သို့သော် လူ့အဖွဲ့အစည်း၊ နည်းပညာနှင့် လူ့ယဉ်ကျေးမှုတစ်ရပ်လုံးသည်လည်း ဘုရားသခင်ကို ဖော်ပြကြောင်း ကျွန်ုပ်တို့သဘောမပေါက်ကြ။

> ဘုရားသခင်သည် သမ္မာကျမ်းစာတွင် ကျွန်ုပ်တို့အား မိန့်တော်မူထားပြီး၊ ရှင်ပေါလုသည် ရောမ ၁ တွင် အငြင်းအခုံပြုထားသည်။ ၎င်းသည် မည်သူမည်ဝါဖြစ်သည် သို့မဟုတ် မည်သည့်ယဉ်ကျေးမှုဖြစ်သည်ဆိုခြင်းသည် အရေးမကြီးပါ။ အသက်ရှင်တည်ရှိခဲ့ဖူးသောလူသားတိုင်းသည် ဘုရားသခင်တည်ရှိခြင်းအကြောင်းကို သိထားပြီးဖြစ်သည်...လူအပေါင်းသည် ဘုရားသခင် ရှိတော်မူကြောင်းကို ဩတ္တပ္ပစိတ်အားဖြင့် သိရှိထားကြောင်း ရှင်ပေါလုဆိုသည်။ လူသားမှန်လျှင် ဆင်ခြင်ဉာဏ် ရှိသည်။ မိမိကိုယ်ကို မိမိ သိသောစိတ် ရှိသည်။ ကမ္ဘာမြေကြီးထဲတွင် ဖန်ဆင်းထားသော အရာများအားဖြင့် ဘုရားသခင်၏ ဂုဏ်တော်များကို ရှင်းလင်းစွာ သိမြင်နိုင်ကြသည်။ ထို့ကြောင့်၊ ဖန်ဆင်းခြင်းနှင့် ဩတ္တပ္ပစိတ်အားဖြင့် ဘုရားသခင်တည်ရှိကြောင်းကို လူသားအပေါင်း သိကြသည်။ ရောမ ၁ တွင်ကြည့်ပါက၊ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းသဘောသဘာဝနှင့် ကိုယ်တော်၏သန့်ရှင်းခြင်းသည် လူသားတို့၏ မတရားသောအမှုအားလုံးကို ကောင်းကင်ဘုံမှဆန့်ကျင်နေကြောင်း၊ လူသားတို့သည် ၎င်းအားငြင်းပယ်ကြောင်း တွေ့မြင်ရသည်။ သူတို့သည် သူတို့၏မတရားသောအားဖြင့် ဘုရားသခင်၏ သမ္မာတရားကို ဆီးတားကြသည်။

**Rev. Clete Hux**

ရောမ ၁း၃၂ တွင် ကျွန်ုပ်တို့ဖတ်ရသည့်အတိုင်း_

> ထိုသို့ ကျင့်သောသူတို့သည် သေပြစ်ကိုခံထိုက်သည်ဟု ဘုရားသခင်စီရင်တော်မူကြောင်းကို ထိုသူတို့သည် သိလျက်ပင် ကိုယ်တိုင်ကျင့်သည်သာမက၊ ထိုသို့ ကျင့်သောသူတို့၌ အားရဝမ်းမြောက်ကြ၏ (ရောမ ၁း၃၂)။

ဤစကားများသည် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းသည် သဘာဝတရားဖန်ဆင်းခြင်းအခြေအနေအရ မဟုတ်ဘဲ၊ သဘာဝတရားနှင့်အတူ လူတို့လုပ်ဆောင်ခြင်းမှ ဖြစ်ပေါ်လာကြောင်း ဖော်ပြသည်။ လူ့နည်းပညာများ၊ သိပ္ပံ၊ ဗိသုကာပညာ၊ နိုင်ငံရေး၊ မိသားစုဘဝ၊ အနုပညာ၊ ဆေးပညာ၊ ဂီတနှင့် လူ့ယဉ်ကျေးမှု၏ မရေမတွက်နိုင်သော ရလဒ်များသည် ဘုရားသခင်၏ ဖွင့်လှစ်ဖော်ပြခြင်းကို အထောက်အကူပြုသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဖွင့်လှစ်ဖော်ပြခြင်းမှ မလွတ်မြောက်နိုင်ပါ။

ယေဘူယျ ဖွင့်လှစ်ဖော်ပြခြင်း၏ ကြားခံနည်းလမ်းအပြင်၊ ရောမ ၁ တွင် ပေါလုသည် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်း၏ အခြေခံအကြောင်းအရာကိုလည်း ညွှန်ပြကြောင်း သတိပြုသင့်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## အကြောင်းအရာ

ယခု၊ ရှုထောင့်တစ်ခုတည်းမှကြည့်လျှင်၊ ပေါလုသည် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းအားဖြင့် လူတို့သိထားသောအရာနှင့် ပတ်သက်၍ တိကျစွာမဖော်ပြထားပါ။ သူ၏ တိကျသေချာမှုမရှိရခြင်းသည် မတူညီသောနေရာများနှင့် အချိန်များတွင် မတူညီသောလူများသည် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်း၏ မတူညီသောသွင်ပြင်လက္ခဏာများကိုတွေ့ကြုံရပြီး အသိအမှတ်ပြုခြင်းမှ ဖြစ်ပေါ်လာသည့်ရလဒ်ဖြစ်နိုင်သည်။ မည်သို့ပင်ဆိုစေကာမူ၊ ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းသည် လူသားတို့အား အနည်းဆုံး သတင်းအချက်အလက်နှစ်မျိုးကို ဖော်ပြကြောင်း ပေါလုဆိုသည်_ ဘုရားသခင်၏ဂုဏ်ရည်တော်များနှင့် ကျွန်ုပ်တို့၏ကိုယ်ကျင့်တရားဆိုင်ရာ တာဝန်များဖြစ်သည်။

တစ်ဖက်တွင်၊ ရောမ ၁:၂၀ တွင် ပေါလုဖော်ပြသကဲ့သို့ ဖန်ဆင်းခြင်းသည်ဖော်ပြသည်–

> ထာဝရတန်ခိုးတော်နှင့် ထာဝရအဖြစ်တော်တည်းဟူသော မျက်မြင်မရသော ဘုရားသခင်၏အရာတို့သည် (ရောမ ၁:၂၀)။

ဤတွင်၊ တိုက်ရိုက်မြင်၍မရသော ဘုရားသခင်၏ဂုဏ်ရည်တော်များကို ကိုယ်တော်၏ဖန်ဆင်းခြင်းတွင် သွယ်ဝိုက်ကာမြင်ရကြောင်း ပေါလုဖော်ပြထားသည်။ ရောမ ၁:၁၉ တွင် အစောပိုင်းတွင် ကျွန်ုပ်တို့ဖတ်ခဲ့သည့်အတိုင်း၊ လူတိုင်းသည် ဘုရားသခင်၏ စရိုက်လက္ခဏာ၏အတိုင်းအတာအချို့ကို သိကြသည်။ အကြောင်းမှာ ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းတွင် "ဘုရားသခင်သည် သူတို့အားဖော်ပြတော်မူပြီ" ဖြစ်သောကြောင့် ဖြစ်သည်။ ဥပမာ၊ ဖန်ဆင်းခြင်း၏လှပမှုသည် ဘုရားသခင်၏အံ့သြဖွယ်ကောင်းသောအလှတရားကို ညွှန်ပြသည်။ လူ့အသက်အတွက် သဘာဝတရား၏ ပံ့ပိုးပေးမှုသည် ဘုရားသခင်၏ ကောင်းမြတ်ခြင်းကို ဖော်ပြသည်။ ဖန်ဆင်းခြင်း၏ အရွယ်အစားသည် ကိုယ်တော်၏ ကြီးမားမှုကိုဖော်ပြသည်။ ဖန်ဆင်းခြင်း၏ ရှုပ်ထွေးမှုသည် ကိုယ်တော်၏ အနိုင်းမဲ့ဉာဏ်ပညာကို ပြသသည်။ ထို့ပြင် သဘာဝတရား၏စွမ်းအားသည် ကိုယ်တော်၏တန်ခိုးတော်ကို ဖော်ပြတယ်။

> လူ့ခန္ဓာကိုယ်ကိုကြည့်လျှင်၊ ၎င်းသည် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်း၏ အစိတ်အပိုင်းဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား အလွန်ရှုပ်ထွေးသော ခန္ဓာကိုယ်ကိုပေးထားသည်။ ၎င်းသည် လက်ရာမြောက်ပြီး အံ့သြဖွယ်ဖြစ်သည်။ ဥပမာအားဖြင့်၊ သိပ္ပံပညာရှင်များသည် လူ့ခန္ဓာကိုယ်ရှိ ဆဲလ်အရေအတွက် သုံးဆယ့်ခုနစ်ထရီလီယံရှိမည်ဟု ခန့်မှန်းကြသည်။ သုံးဆယ့်ခုနစ်ထရီလီယံ ဆဲလ်တစ်ခုစီသည် ရှုပ်ထွေးပြီး တိကျသောဖွဲ့စည်းတည်ဆောက်ပုံနှင့် လုပ်ဆောင်ချက်များရှိသည်...ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ အာကာသအကြောင်းကို စဉ်းစားကြည့်လျှင်၊ အံ့သြဖွယ်ကောင်းသောအရာများကို တွေ့မြင်ရသည်။ ကျွန်ုပ်တို့တွင် နေအဖွဲ့အစည်းရှိပြီး၊ ကမ္ဘာဂြိုဟ်သည် နေကို လှည့်ပတ်နေသော ဂြိုလ်များထဲမှ တစ်ခုသာဖြစ်ကာ၊ ၎င်းကို နေအဖွဲ့အစည်းဟု ခေါ်သည်...ကျွန်ုပ်တို့သည် နဂါးငွေ့တန်းရှိမရေမတွက်နိုင်သော နေအဖွဲ့အစည်းများအတွင်းရှိ နေအဖွဲ့အစည်းတစ်ခုမျှသာ ဖြစ်သည်။ ဤအရာများထက် ပိုအံ့သြစရာကောင်းသည်မှာ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> နဂါးငွေ့တန်း ရာနှင့်ချီရှိကြောင်း သိပ္ပံပညာရှင်များခန့်မှန်းထားသည်။ ထို့ကြောင့်၊ မေးခွန်းသည်_ ၎င်းတို့အားလုံး အဘယ်ကြောင့်ဖြစ်ရသနည်း။ ၎င်းတို့အားလုံးကို မည်သူပြုလုပ်ခဲ့သနည်း။ ၎င်းတို့အားလုံး အလိုလိုဖြစ်ပေါ်လာခြင်းသည် အကျိုးသင့်အကြောင်းသင့်ရှိပါသလား။ သို့မဟုတ် အစ သို့မဟုတ် အဆုံးမရှိသော တန်ခိုးအာနုဘော်နှင့် ပြည့်စုံသော၊ ဉာဏ်ပညာကြီးမြတ်သော ဘုရားသခင်သည် ဤအရာများကို ဖန်ဆင်းခဲ့သလော။
>
> **— Rev. Dr. Emad A. Mikhail**

အခြားတစ်ဖက်တွင်၊ ဘုရားသခင်၏ မမြင်နိုင်သော ဂုဏ်ရည်တော်များကို ဖော်ပြခြင်းအပြင်၊ ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းသည် ကျွန်ုပ်တို့၏ ကိုယ်ကျင့်တရားဆိုင်ရာတာဝန်ဝတ္တရားများ၏ အသွင်အပြင်များကို ဘုရားသခင်ရှေ့၌ ဆက်သွယ်ပေးပါသည်။ ရောမ ၁:၃၂ တွင် လူသားမျိုးနွယ်၏ အပြစ်ဒုစရိုက်နှင့်ပတ်သက်၍ ပေါလုပြောခဲ့သည်ကို ထပ်မံနားထောင်ပါ_

> ထိုသို့ ကျင့်သောသူတို့သည် သေပြစ်ကိုခံထိုက်သည်ဟု ဘုရားသခင်စီရင်တော်မူကြောင်းကို ထိုသူတို့သည် သိလျက်ပင် ကိုယ်တိုင်ကျင့်သည်သာမက၊ ထိုသို့ကျင့်သောသူတို့၌ အားရဝမ်းမြောက်ကြ၏ (ရောမ ၁း၃၂)။

တစ်နည်းဆိုရသော်၊ ဖန်ဆင်းခြင်းဆိုင်ရာ ရှုထောင့်များသည် ဘုရားသခင်ရှေ့တွင် ကျွန်ုပ်တို့ထမ်းဆောင်ရမည့် ကိုယ်ကျင့်တရားဆိုင်ရာ တာဝန်များကို ဖော်ပြသည်။ ဥပမာအားဖြင့်၊ အမျိုးသားနှင့် အမျိုးသမီးကြား ဇီဝဗေဒဆိုင်ရာ ခြားနားချက်များသည် လိင်ကွဲပြားဆက်ဆံမှုကို ကျင့်သုံးရန် ကျွန်ုပ်တို့၏တာဝန်ကို ဖော်ပြသည်။ မိဘပြုစုစောင့်ရှောက်မှုအပေါ် ကလေးများ၏ မှီခိုမှုသည် မိဘနှစ်ပါးစလုံး၏ သားသမီးများကို ပြုစုစောင့်ရှောက်ရမည့်တာဝန်နှင့် မိဘများကိုချီးမြောက်ရန် ကလေးများ၏ တာဝန်ကို ဖော်ပြသည်။ ဝေ်မွတ်ခေါင်းပါးမှုနှင့် စစ်ပွဲများတွင် လူသားများ၏ ဆင်းရဲဒုက္ခသည် ကျွန်ုပ်တို့၏ ကရုဏာပြရန် တာဝန်ကို ဖော်ပြသည်။ ကျွန်ုပ်တို့ကြည့်သည့်နေရာတိုင်းတွင်၊ ဖန်ဆင်းခြင်းအတွင်းနှင့် ဖန်ဆင်းခြင်းမှတစ်ဆင့် ကျွန်ုပ်တို့၏အသက်တာလိုက်လျောညီထွေဖြစ်စေရန် ဘုရားသခင် အလိုတော်ရှိတော်မူသည်။

ယခု ကျွန်ုပ်တို့သည် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းကို ထိတွေ့ခြင်းအားဖြင့် ဖွင့်လှစ်ဖော်ပြခြင်းအကြောင်းကို ရှာဖွေစစ်ဆေးခဲ့ပြီးနောက်၊ အထူးဖွင့်လှစ်ဖော်ပြခြင်းသို့ ဆက်လေ့လာသင့်သည်။

## အထူးဖွင့်လှစ်ဖော်ပြခြင်း

ရိုးရာခရစ်ယာန်ဓမ္မပညာတွင်၊ ယေဘူယျဖွင့်လှစ်ဖော်ပြခြင်း—အရာခပ်သိမ်းအားဖြင့် ဘုရားသခင်သည် လူအပေါင်းတို့အား မိမိကိုယ်ကိုထင်ရှားပြပုံ—နှင့် အထူးဖွင့်လှစ်ဖော်ပြခြင်းတို့ကို ခွဲခြားသိမြင်လေ့ရှိကြသည်။ ဤကွဲပြားခြားနားချက်သည် နည်းလမ်းများစွာဖြင့် အထောက်အကူဖြစ်စေသော်လည်း သတိထားရမည်ဖြစ်သည်။ ဧဝံဂေလိပရိုတက်စတင့်များသည် အထူးဖွင့်လှစ်ဖော်ပြခြင်းအကြောင်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပြောသောအခါ သမ္မာကျမ်းစာကို သီးသန့်စဉ်းစားလေ့ရှိကြသည်။ သမ္မာကျမ်းစာသည် ဘုရားသခင်၏ အထူးဖွင့်လှစ်ဖော်ပြခြင်း၏ အရေးကြီးသော အတိုင်းအတာတစ်ခုဖြစ်သော်လည်း၊ အထူးဖွင့်လှစ်ဖော်ပြခြင်းသည် သမ္မာကျမ်းစာထက် များစွာပိုပါသည်။

နေရာတိုင်းရှိ လူအားလုံးကို ဖော်ပြခြင်းမဟုတ်သောကြောင့် အထူးဖွင့်လှစ်ဖော်ပြခြင်းကို "အထူး" ဟုခေါ်သည်။ လူသားမျိုးနွယ်၏ သီးခြား သို့မဟုတ် အထူးအပိုင်းများကို ဖော်ပြသည်။ ဤဖွင့်လှစ်ဖော်ပြခြင်းအမျိုးအစားသည် သမိုင်းတစ်လျှောက်တွင် ပုံစံအမျိုးမျိုးရှိခဲ့သော်လည်း၊ ခရစ်ယာန်အမြင်အရ ဘုရားသခင်သည် သူ၏သားတော်ယေရှု၌ မိမိကိုယ်ကိုအရှင်းလင်းဆုံးနှင့် အပြည့်အဝ ဖော်ပြခဲ့သည်။ ဟေဗြဲ ၁:၁-၃ တွင် အထူးဖွင့်လှစ်ဖော်ပြခြင်းနှင့်ပတ်သက်သော ခရစ်ယာန်ရှုထောင့်၏ အကျဉ်းချုပ်ကို ဖော်ပြထားသည်_

> ရှေးလွန်လေပြီးသောအခါ ပရောဖက်များအားဖြင့် ဘိုးဘေးတို့အား အထပ်ထပ် အနည်းနည်း ဗျာဒိတ်ပေးတော်မူသော ဘုရားသခင်သည်၊ ဤနောက်ဆုံးကာလ အခါ မိမိသားတော်အားဖြင့် ငါတို့အား ဗျာဒိတ်ပေးတော်မူပြီ။ ထိုသားတော်ကို အလုံးစုံတို့၏ အမွေခံသခင် အရာ၌ ခန့်ထားတော်မူ၏။ သားတော်အားဖြင့်လည်း လောကဓာတ်တို့ကို တည်တော်မူ၏။ ထိုသားတော်သည် ဘုရားသခင်၏ ဘုန်းတော်ရောင်ခြည်နှင့် ဇာတိအဖြစ်တော်၏ ပုံသဏ္ဌာန်ဖြစ်၍၊ (ဟေဗြဲ ၁:၁-၃)။

ခရစ်တော်ကြွလာတော်မမူမီတွင် ဘုရားသခင်သည် မိမိကိုယ်နှင့် အလိုတော်ကို အထူးနည်းလမ်းများစွာဖြင့် ဖော်ပြခဲ့သည်။ ကိုယ်တော်သည် လူတို့ကို တိုက်ရိုက်စကားပြောသည်၊ သဘာဝလွန်အိပ်မက်များကို ပေးသည်၊ ရူပါရုံများနှင့်ပတ်သက်၍ မျက်စိဖွင့်စေကာ၊ ပရောဖက်များ၊ ယဇ်ပုရောဟိတ်များ၊ ဘုရင်များနှင့် ပညာရှိများမှတဆင့် ဟောပြောခဲ့သည်။ သို့သော် ဤဖွင့်လှစ်ဖော်ပြခြင်းများထဲမှတစ်ခုမှ ဘုရားသခင်၏သားတော်ယေရှုခရစ်၌ ပြည့်စုံခြင်းနှင့် အလွန်ဘုန်းကြီးသော ဖွင့်လှစ်ဖော်ပြခြင်းတို့နှင့် နှိုင်းယှဉ်ခြင်း မရှိပါ။ ယေရှု၏အသက်တာနှင့် သွန်သင်ချက်များသည် ဘုရားသခင်၏ အထူးထင်ရှားသော ဖွင့်လှစ်ဖော်ပြခြင်းဖြစ်သည်။ ထို့အတွက်ကြောင့် ခရစ်ယာန်ဓမ္မပညာအတွက် စံနှုန်းသည် ခရစ်တော်၌ ဘုရားသခင်၏ဖွင့်လှစ်ဖော်ပြခြင်းဖြစ်သည်ဟု ဆိုခြင်းသည် အလွန်သင့်လျော်ပါသည်။ ယခု၊ ဘုရားသခင်၏ အမြင့်မြတ်ဆုံးသော ဖွင့်လှစ်ဖော်ပြခြင်းအဖြစ် ခရစ်တော်ကိုကတိသစ္စာပြုခြင်းသည် အရေးကြီးသော သက်ရောက်မှုများစွာဖြစ်ပေါ်စေသည်။ သို့သော် ကျွန်ုပ်တို့၏ရည်ရွယ်ချက်များအတွက်၊ အရေးကြီးဆုံးနှင့် လက်တွေ့ကျသောသက်ရောက်မှုများထဲမှတစ်ခုမှာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ဖွင့်လှစ်ဖော်ပြခြင်းအဖြစ် သမ္မာကျမ်းစာကို ကတိသစ္စာပြုသင့်သည်။

> ကျွန်ုပ်တို့သည် ဘုရားသခင်၏ဖွင့်လှစ်ဖော်ပြခြင်းအဖြစ် ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းကို အဘယ်ကြောင့် နာခံသင့်သည်ကို စဉ်းစားသောအခါ၊ ယေရှုခရစ်သည် သမ္မာကျမ်းစာကို မည်သို့ဆက်ဆံခဲ့သည်ကို စဉ်းစားကြည့်နိုင်သည်။ ယေရှုသည် သမ္မာကျမ်းစာကို ဖတ်ရှုသောအခါ၊ သူ၏အခွင့်အာဏာသည် အဘယ်ကလာ သနည်း။ သူသည် ခမည်းတော်ထံမှလာသူဖြစ်ကြောင်း အခိုင်အမာဆိုသော်

> လည်း၊ ခမည်းတော်၏အခွင့်အာဏာကို အကြိမ်များစွာ ရည်ညွှန်းသောအခါ၊ သူ၏စကားများသည် ဓမ္မဟောင်းကျမ်းအပေါ် အခြေခံထားသည်။ ဆိုလိုသည်မှာ၊ ယေရှုဖတ်ခဲ့သော သမ္မာကျမ်းစာသည် ဓမ္မဟောင်းကျမ်းတစ်ခုလုံးဖြစ်သည်။ ဓမ္မဟောင်းကျမ်းသည် သူ၏ကျမ်းဂန်ဖြစ်သည်။ ထို့နောက် တမန်တော်များနှင့် ပရောဖက်များကို ကျွန်ုပ်တို့အတွက် ပေးထားကြောင်းကိုလည်း ပြောပြခဲ့သည်။ ဧဖက် ၂၊ ၄ တွင် ထပ်ခါထပ်ခါ အလေးပေးဖော်ပြသည့်အတိုင်း၊ ယေရှုခရစ်သည် တိုက်ထောင့်အမြစ်ကျောက်ဖြစ်ပြီး၊ တမန်တော်များနှင့် ပရောဖက်များသည် အသင်းတော်၏တိုက်မြစ်ဖြစ်သည်။ ကျွန်ုပ်တို့အတွက်၊ ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းတို့သည် ကျွန်ုပ်တို့ရရှိထားသော ဖွင့်လှစ်ဖော်ပြခြင်းပင်ဖြစ်သည်။

**ဒေါက်တာ Biao Chen**

**ခရစ်တော်အား ဘုရားသခင်၏ အမြင့်မြတ်ဆုံးသော ဖွင့်လှစ်ဖော်ပြခြင်းအဖြစ် ရှုမြင်သူများသည် သူ၏စံနမူနာကို လိုက်နာပြီး၊ ယနေ့ သူ၏လူများအတွက် ဘုရားသခင်၏အထူးဖွင့်လှစ်ဖော်ပြခြင်းအနေဖြင့် ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းများကို လက်ခံကာ သူ၏သွန်သင်ချက်ကို နာခံရမည်ဖြစ်သည်။**

> သမ္မာကျမ်းစာသည် ဘုရားသခင်၏ စိတ်နှလုံးထဲမှ ထွက်လာသည်နှင့်အမျှ သမ္မာကျမ်းစာကို ချစ်မြတ်နိုးရန် အရေးကြီးသည်။ ဘုရားသခင်သည် ခရစ်တော်၌ရှိသော ကျွန်ုပ်တို့၏ကောင်းကင်ခမည်းတော်ဖြစ်ပြီး၊ ကျွန်ုပ်တို့အား စကားပြောတော်မူသည်။ သမ္မာကျမ်းစာသည် ကျွန်ုပ်တို့အား ပြောသောအခါ၊ ကျွန်ုပ်တို့သည် ကိုယ်တော်ပြောသောအရာကို နှစ်သက်ဖို့လိုသည်။ ဖြစ်နိုင်သည်မှာ၊ ဆာလံ ၁၁၉ ကဲ့သို့ ဤမေတ္တာကို ဖော်ပြသော သမ္မာကျမ်းစာ၏ အခြားကျမ်းအစိတ်အပိုင်း တစ်ခုမျှ မရှိပါ။ ဆာလံဆရာသည် အကြိမ်ကြိမ်ပြောသည်မှာ "ကိုယ်တော်၏ တရားကို အကျွန်ုပ်သည် အလွန် နှစ်သက်ပါ၏။ တနေ့လုံးဆင်ခြင်အောက်မေ့လျက် နေပါ၏။ ကိုယ်တော်၏နုတ်ကပတ်တော်များကို အကျွန်ုပ်စားပါပြီ။ ထိုအရာတို့ကို ဆင်ခြင်ပါ၏။ ထိုအရာတို့သည် အကျွန်ုပ်၏စားစရာများဖြစ်ကြပါ၏။" သူသည် ဘုရားသခင်၏ တရားတော်၌ မွေ့လျော်ခြင်းအကြောင်းပြောကြားချက်သည် ၁၇၆ ပိုဒ်တွင် တွေ့ရသည်။ မိမိကိုယ်ကို စဉ်းစားသည်မှာ၊ ဓမ္မသစ်ကျမ်းကို ယုံကြည်သူတစ်ဦးအနေဖြင့်ကျွန်ုပ်သည် ဘုရားသခင်၌ အပြည့်အဝမွေ့လျော်ခြင်း မည်မျှရှိသင့်သနည်း။ ကျွန်ုပ်တို့တွင် "သာ၍ကောင်းသော ကတိတော်များ" ရှိကြောင်း ဟေဗြဲကျမ်းတွင် ဖော်ပြထားသည်။ ကျွန်ုပ်တို့တွင် ခရစ်တော်၏အသက်တာ၏ ပြည့်စုံခြင်းရှိကြသည်။ ထို့ကြောင့် ဆာလံ ၁၁၉ ကိုရေးသူ နှစ်သက်သည့်အတိုင်း၊ မည်သည့်အရာကိုမဆို သာ၍ချစ်မြတ်နိုးနိုင်ပါသည်။

**ဒေါက်တာ Andrew Davis**

ကျွန်ုပ်တို့ခေတ်တွင်၊ ဘုရားသခင်၏ ဖွင့်လှစ်ဖော်ပြခြင်းကို ရှာဖွေရာတွင် ဖန်ဆင်းခြင်းဆိုင်ရာ ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းနှင့် သမ္မာကျမ်းစာရှိ အထူးဖွင့်လှစ်ဖော်ပြခြင်း နှစ်ခုလုံးပါဝင်သည်ကို တွေ့ရသည်။ ယခု၊ ဤအယူဝါဒများကြား အပြန်အလှန်ဆက်နွှယ်မှုများကို အာရုံစိုက်ကြည့်ကြပါစို့။ ဤအပြန်အလှန်ဆက်နွှယ်မှုများကို နားလည်ခြင်းဖြင့် ကျွန်ုပ်တို့သည် မည်သည့်ဖွင့်လှစ်ဖော်ပြခြင်းပုံစံကိုမှ လျစ်လျူရှု၍မရနိုင်ကြောင်း သိမြင်ရန် ကူညီပေးပါလိမ့်မည်။

# အပြန်အလှန်ဆက်နွှယ်မှုများ

ခရစ်ယာန်ဓမ္မပညာကို တည်ဆောက်ရာတွင် ကျွန်ုပ်တို့လုပ်ဆောင်လိုသည့် နောက်ဆုံးအချက်မှာ ယေဘူယျ သို့မဟုတ် အထူးဖွင့်လှစ်ဖော်ပြခြင်းတွင် ဘုရားသခင် ထုတ်ဖော်ပြသထားသည့် မည်သည့်အရာကိုမဆို လျစ်လျူရှုခြင်းဖြစ်သည်။ ယေရှုသည် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်း၏အရေးပါမှုကို သူ၏ပုံဥပမာများနှင့် သာမန်ဘဝအတွေ့အကြုံများမှ သွန်သင်ချက် ထုတ်ယူသည့်အခါတိုင်းလည်း ထောက်ပြခဲ့သည်။ သူသည် ကျမ်းစာကိုရည်ညွှန်းတိုင်း အထူးဖွင့်လှစ်ဖော်ပြခြင်း၏အရေးကြီးမှုကို ညွှန်ပြခဲ့သည်။ သို့သော် သင်နှင့်ကျွန်ုပ်သည် ယေရှုပြသကဲ့သို့ ဤဖွင့်လှစ်ဖော်ပြခြင်းပုံစံနှစ်မျိုးစလုံးကို မှီခိုကိုးစားရန်အတွက်၊ ၎င်းတို့သည် နက်ရှိုင်းစွာ မည်သို့အပြန်အလှန်ဆက်နွှယ်နေပုံကို ဆုပ်ကိုင်ထားရမည်ဖြစ်သည်။ ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းနှင့်ပတ်သက်၍ စဉ်းစားဆင်ခြင်သောအခါ၊ သမ္မာကျမ်းစာ၏ အထူးဖွင့်လှစ်ဖော်ပြခြင်းသည် ကျွန်ုပ်တို့ကို လမ်းညွှန်ပေးသည်။ သမ္မာကျမ်းစာတွင် ဘုရားသခင်၏ အထူးဖွင့်လှစ်ဖော်ပြခြင်းကို ဆုပ်ကိုင်နိုင်ရန် ကြိုးပမ်းရာတွင် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းသည် ကျွန်ုပ်တို့ကို ကူညီပေးသည်။ လမ်းတစ်လျှောက် ခြေလှမ်းတိုင်းတွင် ထိုနှစ်ခုသည် အတူလက်တွဲသွားကြသည်။

ဤဖွင့်လှစ်ဖော်ပြခြင်းအမျိုးအစားများအကြား အပြန်အလှန်ဆက်နွှယ်မှုများ၏ အသွင်အပြင်နှစ်ခုကို လေ့လာပါမည်_ ယေဘူယျနှင့် အထူးဖွင့်လှစ်ဖော်ပြခြင်းကြားထပ်နေခြင်းနှင့် ဖွင့်လှစ်ဖော်ပြခြင်းပုံစံနှစ်မျိုးလုံးလိုအပ်မှု ဖြစ်သည်။ ယေဘူယျ နှင့် အထူးဖွင့်လှစ်ဖော်ပြခြင်းအကြားထပ်နေခြင်းကို ဦးစွာ ကြည့်ကြပါစို့။

## ထပ်နေခြင်း

သီးခြားခေါင်းစဉ်များအောက်တွင် ယေဘူယျနှင့် အထူးဖွင့်လှစ်ဖော်ပြခြင်းအကြောင်း ပြောဆိုလေ့ရှိသော်လည်း၊ ဤဖွင့်လှစ်ဖော်ပြခြင်းပုံစံနှစ်ရပ်သည် သိသိသာသာ ထပ်နေခြင်းကို အသိအမှတ်ပြုရန်လိုအပ်ပါသည်။ ၎င်းကိုသိနိုင်ရန်၊ ဖွင့်လှစ်ဖော်ပြခြင်းပုံစံနှစ်မျိုးလုံးတွင်တွေ့ရသော အကြောင်းအရာမျိုးစုံကို အသိအမှတ်ပြုရပါမည်။

တစ်ဖက်တွင်၊ သမ္မာကျမ်းစာပါ အထူးဖွင့်လှစ်ဖော်ပြခြင်းသည် အလွန်ထူးခြားသောထိုးထွင်းသိမြင်မှုနှင့် သာမန်ထိုးထွင်းသိမြင်မှုများကြားတွင် အဆက်အစပ်ဖြစ်စေမည့် အကြောင်းအရာများစွာအပေါ် သက်ရောက်သည်။ သမ္မာကျမ်းစာ၏ အချို့သောအပိုင်းများသည် အလွန်ထူးခြားသောကြောင့် သာမန်လေ့လာမှုများ သို့မဟုတ် အတွေ့အကြုံများအားဖြင့် မည်သူမျှ မရေးနိုင်ပါ။ ဘုရားလမ်းညွှန်မှုဖြင့်ပင် မရေးနိုင်ပါ။ သမ္မာကျမ်းစာ၏ ဤအပိုင်းများကို အလွန်ထူးခြားသော၊ သဘာဝလွန်နည်းလမ်းများ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖြင့် ပေးထားသည်။ သမ္မာကျမ်းစာပါ ဤကဲ့သို့သော အကြောင်းအရာများ၏ အထင်ရှားဆုံး ဥပမာများသည် ဒံယေလ၊ ယောလနှင့် ဗျာဒိတ်ကျမ်းများကဲ့သို့သော စာအုပ်များဖြစ်နိုင်သည်။ အထူးသဖြင့် ဤအရာများကို ရေးသားသူများသည် ၎င်းတို့အားပေးခဲ့သည့် ရူပါရုံများနှင့် အခြားသော သဘာဝလွန်နည်းလမ်းများမှတစ်ဆင့် အချက်အလက်များကို လက်ခံရရှိကြသည်။ ဤသဘောအရ၊ သမ္မာကျမ်းစာ၏ ဤအပိုင်းများကို "အလွန်ထူးခြားသောဖွင့်လှစ်ဖော်ပြခြင်း" ဟုခေါ်ဆိုနိုင်ပါသည်။

ဤအဆက်အစပ်တစ်လျှောက်တွင်၊ နက်နဲသော သို့မဟုတ် အလွန်ထူးခြားသောထိုးထွင်းသိမြင်မှုနှင့် သာမန်နည်းလမ်းအားဖြင့် ဝိညာဉ်တော်မှပေးသော ထိုးထွင်းသိမြင်မှုဆိုင်ရာ ရောနှောထားသောအကြောင်းအရာများကိုတွေ့ရသည့် သမ္မာကျမ်းစာကြားခံနည်းလမ်းပုံစံတစ်ခု ပေါ်လာသည်။ ဥပမာ၊ ဘုရင်များ၏ ရာဇဝင်ကျမ်းများနှင့် လုကာခရစ်ဝင်ကျမ်းတို့ကို ကြည့်ပါ။ ဤစာအုပ်များ၏ ကျမ်းရေးသူများသည် ၎င်းတို့၏ အချက်အလက်များစွာကို သာမန်လူသားအရင်းအမြစ်များထံမှ စုဆောင်းခဲ့ကြောင်း အတိအလင်း ဖော်ပြခဲ့သည်။ ဘုရင်များသည် ဣသရေလနှင့် ယုဒ၏ရာဇဝင်များကို ရည်ညွှန်းသည်။ လုကာသည် ခရစ်တော်၏အသက်တာ၏မျက်မြင်သက်သေများထံမှ အကြောင်းအရာများကို စုဆောင်းခဲ့ကြောင်း ဖော်ပြသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် ဤကျမ်းစာရေးသူများကို လမ်းညွှန်ပေးသောကြောင့် အထူးသဘာဝလွန်ထိုးထွင်းသိမြင်ဉာဏ်များကို ထည့်မံပေးခဲ့သည်မှာ သေချာသည်။ ၎င်းတို့တွင် ၎င်းတို့၏ရင်းမြစ်များတွင် တွေ့ရှိရသည့် အချက်အလက်များ၏ တိကျမှုအပေါ် ထိုးထွင်းသိမြင်မှု၊ ၎င်းတို့၏ရင်းမြစ်များကို အဓိပ္ပာယ်ဖွင့်ဆိုပုံဆိုင်ရာ ထိုးထွင်းသိမြင်မှုနှင့် သာမာန်နည်းလမ်းများဖြင့် မတွေ့နိုင်သောအချက်အလက်များကို ထိုးထွင်းသိမြင်မှုများရှိခဲ့သည်။ ထို့ကြောင့် ဤသဘောအရ၊ သမ္မာကျမ်းစာ၏ဤအပိုင်းများသည် နက်နဲခြင်းနှင့် သာမာန်တို့ကို ရောနှောထားသည်။

၎င်းအပြင်၊ သမ္မာကျမ်းစာ၏ အစိတ်အပိုင်းများသည် သာမန်ဖြစ်သော်လည်း မှတ်သွင်းခံထိုးထွင်းသိမြင်မှုများ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သန့်ရှင်းသောဝိညာဉ်တော်သည် သာမန်အတွေ့အကြုံများနှင့်ပတ်သက်၍ မှန်ကန်သောရှုမြင်သုံးသပ်မှုများပြုလုပ်ရန် ကျမ်းရေးသူများကို လမ်းညွှန်ပေးသောကြောင့်ဖြစ်သည်။ ဥပမာ၊ သုတ္တံ ၃၀:၂၅ တွင် ကျွန်ုပ်တို့ဖတ်ရသည်မှာ–

> ခွန်အားမရှိသောအမျိုးဖြစ်သော်လည်း၊ နွေကာလ၌မိမိစားစရာကို ပြင်ဆင်တတ်သော ပရွက်ဆိတ်တပါး၊ (သုတ္တံ ၃၀:၂၅)။

ဤဖော်ပြချက်သည် မှုတ်သွင်းမှုနှင့် မှန်ကန်မှုရှိသော်လည်း၊ နက်နဲသောရူပါရုံကို လက်ခံရရှိခြင်းမှမဟုတ်ဘဲ သဘာဝတရားကို လေ့လာခြင်းမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

ထို့ကြောင့်၊ ဤသဘောအရ၊ အထူးဖွင့်လှစ်ဖော်ပြခြင်းတွင် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းနှင့် ဆက်စပ်လေ့ရှိသော အကြောင်းအရာများပါရှိသည်။ ဤအရာများသည် ကမ္ဘာလောကနှင့်ပတ်သက်၍ မည်သူမဆို လက်တွေ့ကျကျ သတိပြုမိနိုင်သော အရာများဖြစ်သည်။ သမ္မာကျမ်းစာပါ ဤအပိုင်းများသည် "ယေဘူယျအားဖြင့် အထူးဖွင့်လှစ်ဖော်ပြခြင်း" ဟုပင် ဆိုနိုင်ပါသည်။

> သုတ္တံ ၁၄:၂၀ တွင်၊ "ဆင်းရဲသောသူသည် မိမိအိမ်နီးချင်း မုန်းခြင်းကိုပင်ခံရမည်။ ငွေရတတ်သောသူ၌မူကား၊ များစွာသောအဆွေခင်ပွန်းရှိလိမ့်မည်" ဟုဖော်ပြ

> ထားသည်။ ဤသည်မှာ အပြသသဘော သို့မဟုတ် အဆိုးမြင်ဖြင့် အကဲဖြတ်ရန် မလိုပါ။ ၎င်းသည် ဖြစ်ပျက်ခဲ့သည်များကို နားလည်နိုင်ခြင်း၏ စူးစမ်းလေ့လာနိုင်မှုစွမ်းရည်သာ ဖြစ်သည်...၎င်းသည် ပေါင်းသင်းဆက်ဆံရေး၊ မင်းအာဏာပိုင်နှင့် ပြောဆိုဆက်ဆံခြင်း၊ ငွေကြေးသုံးစွဲရန်စဉ်းစားခြင်း၊ မိဘနှင့်ဆက်ဆံရေးအကြောင်း၊ အလုပ်အကြောင်း၊ စားပွဲပေါ်မှအပြုအမူအမျိုးမျိုးစသည့် ကျွန်ုပ်တို့အချိန်တိုင်းကြုံတွေ့နေရသော လက်တွေ့ကျသည့် ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းနေသည်။ ထို့ပြင် ပိုမိုကျယ်ပြန့်သောနည်းလမ်းအရ...ဘဝနှင့် လောကကိုမှန်ကန်စွာနားလည်နိုင်မှ ကျွမ်းကျင်စွာ နေထိုင်နိုင်မည်ဖြစ်သည်။ ရှောင်ကြဉ်ရမည့်အန္တရာယ်များကို ကျွန်ုပ်တို့သိသည်။ ဘဝရှေ့ဆက်ရန်နည်းလမ်းများကို ကျွန်ုပ်တို့သိသည်။ ဘဝကိုအမှန်တကယ် ကျွမ်းကျင်စွာ နေထိုင်လိုပါက၊ ဘုရားသခင်ကို ကြောက်ရွံ့သောသဘောဖြင့် ထိုသို့ပြုရမည်ဟု သမ္မာကျမ်းစာသည် ကျွန်ုပ်တို့နားလည်ရန်အစပြုပေးသည်။

**ဒေါက်တာ Eric J. Tully**

အခြားတစ်ဖက်တွင်၊ အထူးဖွင့်လှစ်ဖော်ပြခြင်းကဲ့သို့ပင်၊ ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းသည်လည်း ထူးကဲသောသွင်ပြင်ဖြစ်စေနိုင်သော အကြောင်းအရာမြောက်များစွာ ပါဝင်သည်။ ဤအဆက်အစပ်၏အဆုံးတစ်ခုတွင်၊ ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းတွင် သာမန်အကြောင်းအရာများ၊ အများစုသိကြသည့်အရာများ၊ အသက်ရှင်ခဲ့ဖူးသော လူအများစုသိကြသည့်အရာများ ပါဝင်သည်။ ကမ္ဘာကြီးသည်ကြီးမားလှကာ၊ ကျယ်ပြောလှသော ကောင်းကင်ကြီးဖြင့် ဖုံးလွှမ်းနေကြောင်း လူတိုင်းနီးပါးသိကြသည်။ လူတိုင်းနီးပါးသည် သူတို့၏ကိုယ်ကျင့်တရားဆိုင်ရာ တွေ့ကြုံခဲ့ရသည့်အချိန်များကို မှတ်မိနိုင်ကြသည်။ ဤစကြာဝဠာနီးပါးအတွေ့အကြုံများသည် ဘုရားသခင်နှင့် ကိုယ်တော်၏အလိုတော်ကို လူသားတို့အတွက် အမြဲထုတ်ဖော်ပြသခဲ့သည်။ ၎င်းတို့ကို "ယေဘူယျဖွင့်လှစ်ဖော်ပြခြင်း" အဖြစ် ကျွန်ုပ်တို့ ပြောနိုင်ပါသည်။

ယေဘူယျဖွင့်လှစ်ဖော်ပြခြင်း၏ အဓိကအပိုင်းအခြားသည် သာမန်နှင့် အလွန်ထူးခြားသော ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းများ ရောထွေးနေသောအကြောင်းအရာများ ဖြစ်သည်။ ဤအရာများသည် အာကာသ သို့မဟုတ် အချိန်ကဲ့သို့ တစ်နည်းနည်းဖြင့် ကန့်သတ်ချက်ရှိသောကြောင့် လူအချို့ကိုသာ ပေးအပ်သည့် ဖန်ဆင်းခြင်းအတွေ့အကြုံများဖြစ်သည်။ ဥပမာ၊ ကြောက်မက်ဖွယ်ကောင်းသော ဟာရီကိန်းမုန်တိုင်း၏လေတိုက်ခတ်မှုသည် ဘုရားသခင်၏တန်ခိုးကြီးမှုကို ပြသသည်။ သို့သော် လူများစွာသည် ဟာရီကိန်းမုန်တိုင်းကို တစ်ခါမှ မကြုံဖူးကြပေ။ ဟိမဝန္တာတောင်တန်းများ၏ အမြင့်များသည်ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေသော်လည်း၊ လူသားမျိုးနွယ်အများစုသည် ဟိမဝန္တာတောင်တန်းများကို ကိုယ်တိုင်လက်တွေ့မမြင်ကြရပါ။ ကျွန်ုပ်တို့အားလုံးသည် ကန့်သတ်ချက်များစွာနှင့် ရင်ဆိုင်ရသောကြောင့်၊ ယေဘုယျဖွင့်လှစ်ဖော်ပြခြင်းအားလုံးသည် လူအားလုံးထံ တစ်ချိန်လုံး ရောက်ရှိနေသည်မဟုတ်ပါ။

နယ်ပယ်၏အခြားတစ်ဖက်တွင် ယေဘုယျဖွင့်လှစ်ဖော်ပြခြင်း၏ အလွန်ထူးခြားသောအကြောင်းအရာများရှိသည်။ စစ်မှန်သောဘုရားသခင်နှင့် ဘုရားသခင်ထုတ်ဖော်ခဲ့သည့် သမ္မာတရားအချို့ကို မသိဘဲလျက်၊ လူတို့သည်အတိအလင်း အသိအမှတ်ပြုသည့်အချိန်များ ပါဝင်သည်။ အမှန်တကယ်တွင် ယေဘုယျဖွင့်လှစ်ဖော်ပြခြင်းတွင် အထူးဖွင့်လှစ်ဖော်ပြခြင်းနှင့် ပို၍နီးကပ်စွာ ဆက်စပ်လေ့ရှိသောအရာများပါဝင်သည်။

ဥပမာ၊ ခရစ်ယာန်မဟုတ်သောဘာသာတရားအချို့သည် ဘုရားသခင်တစ်ပါးတည်းရှိသည်ဟု ယုံကြည်ကြသည်။ ဘာသာတရားများစွာသည် စစ်မှန်သောခရစ်ယာန်ယုံကြည်ခြင်းနှင့် ဆင်တူသည့်နည်းများဖြင့် သာမန်နှင့်မြင့်မြတ်သောအရာများကို ပိုင်းခြားသိမြင်ကြသည်။ လူသတ်မှုကို ဘာသာတရားအများစုတွင် ပြစ်တင်ရှုတ်ချသည်။ အခြေခံလူမှုရေးတရားမျှတမှုကို မတူညီသော ဘာသာတရားများစွာဖြင့် ချီးမြှောက်ကြပါသည်။ သမ္မာကျမ်းစာ၏ ရှေးခေတ်ကမ္ဘာတွင်၊ အခြားဘာသာတရားများသည် မှတ်သားဖွယ်နည်းလမ်းအချို့တွင် သမ္မာကျမ်းစာယုံကြည်ခြင်းအစစ်အမှန်နှင့် နီးကပ်စွာဆင်တူလေ့ရှိသည်။ ယနေ့အချိန်၌ပင်၊ သာသနာပြုများလက်လှမ်းမမီသောလူအချို့တွင် ခရစ်ယာန်ယုံကြည်ခြင်းနှင့် ဆင်တူသောယုံကြည်ချက်များရှိနေသည်ဟု သာသနာပြုများဆိုကြသည်။ ထိုသို့သောအခြေအနေမျိုးတွင်၊ ကျွန်ုပ်တို့သည် "အထူးပြုထားသော ယေဘုယျဖွင့်လှစ်ဖော်ပြခြင်း" အကြောင်းကို ပြောနိုင်ပေမည်။

ထို့ကြောင့်၊ ဓမ္မပညာတွင် အထူးနှင့် ယေဘုယျ ဖွင့်လှစ်ဖော်ပြခြင်း၏ အခန်းကဏ္ဍများကို သုံးသပ်ကြည့်သောအခါ၊ မကြာခဏ မေ့ပျောက်လေ့ရှိသည့် အရာနှစ်ခုကို မှတ်သားထားရန် လိုသည်။ တစ်ဖက်တွင်၊ အထူးဖွင့်လှစ်ဖော်ပြခြင်းသည် သာမာန်ဖြစ်ရိုးဖြစ်စဉ်များနှင့် ယေဘုယျဖွင့်လှစ်ဖော်ပြခြင်းအားဖြင့် ပိုင်းခြား၍သိမြင်နိုင်သောအရာများနှင့်ပတ်သက်၍ ကျွန်ုပ်တို့အား သွန်သင်ပေးသည်ကို သတိရရန်လိုသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို ဘာသာရေးနှင့် ကိုယ်ကျင့်တရားဆိုင်ရာအကြောင်းအရာများတွင်သာမက သမိုင်းနှင့် သိပ္ပံပညာတို့ပါ ထိတွေ့ရသည့် ကျွန်ုပ်တို့၏အခွင့်အာဏာအဖြစ် ရှုမြင်သည်။

အခြားတစ်ဖက်တွင်၊ ယေဘုယျဖွင့်လှစ်ဖော်ပြခြင်းသည် ပုံမှန်အားဖြင့် သမ္မာကျမ်းစာအတွက် သီးသန့်ထားရှိသောအကြောင်းအရာများနှင့်ပတ်သက်၍ ကျွန်ုပ်တို့အား သွန်သင်ပေးစရာများစွာရှိကြောင်းကိုလည်း နားလည်သဘောပေါက်ရန် လိုသည်။ အမှန်ဆိုရလျှင်၊ ဤသင်ခန်းစာများတွင် ကျွန်ုပ်တို့တွေ့မြင်ရမည့်အတိုင်း၊ သမ္မာကျမ်းစာတွင်ဖော်ပြထားသော ဓမ္မပညာဆိုင်ရာ သမ္မာတရားများစွာကိုလည်း ယေဘုယျဖွင့်လှစ်ဖော်ပြခြင်းတွင် ဖော်ပြထားသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘာသာရေးအရ အလွန်နက်ရှိုင်းသောအကြောင်းအရာများတွင် ဘုရားလမ်းညွှန်မှုအတွက် ယေဘုယျဖွင့်လှစ်ဖော်ပြခြင်းကို ဂရုတစိုက်ကြည့်ရှုရမည်ဖြစ်သည်။

ယေဘုယျနှင့် အထူးဖွင့်လှစ်ဖော်ပြခြင်းတို့ကြား အပြန်အလှန်ဆက်နွယ်မှုများကို ကျွန်ုပ်တို့သုံးသပ်ထားသည်နှင့်အမျှ ၎င်းတို့၏ ထပ်နေသည့်နည်းလမ်းများစွာကိုလည်း တွေ့မြင်ရသည်။ ယခုမူကား ကျွန်ုပ်တို့၏ ဒုတိယအလေးထားချက်ကို ဆက်လေ့လာသင့်ပါသည်။ ဓမ္မပညာအတွက် ဖွင့်လှစ်ဖော်ပြခြင်းပုံစံနှစ်မျိုးလုံးကို အဘယ်ကြောင့် လိုအပ်သနည်း။ တစ်ခုချင်းသည် မည်သည့်အရာကို ပံ့ပိုးပေးသနည်း။

## လိုအပ်ချက်

တစ်ဖက်တွင်၊ ကျွန်ုပ်တို့သည် အထူးဖွင့်လှစ်ဖော်ပြခြင်းလိုအပ်ပါသည်။ အကြောင်းမှာ ၎င်းသည် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းကို နည်းလမ်းများစွာဖြင့် သာလွန်သောကြောင့်ဖြစ်သည်။ အထူးဖွင့်လှစ်ဖော်ပြခြင်းသည် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းမှပေးသည့် အရာထက်ကျော်လွန်၍ ဘုရားသခင်နှင့် သူ၏ အလိုတော်ကို ဖော်ပြရန်၊ ရှင်းလင်းပြရန်နှင့် ထုတ်ဖော်ရန်ရည်ရွယ်သည်။

ဥပမာ၊ အာဒံနှင့် ဧဝအကြောင်း စဉ်းစားကြည့်ပါ။ အာဒံနှင့်ဧဝ အပြစ်မကျရောက်မီတွင်၊ အပြစ်ကင်းစင်သောအခြေအနေတွင်ရှိစဉ်တွင် ဘုရားသခင်သည် အာဒံနှင့်ဧဝအား အထူးနှင့်ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းပေးခဲ့ကြောင်း မကြာသေးမီဆယ်စုနှစ်များတွင် ဓမ္မပညာရှင်များ တွေ့ရှိခဲ့ကြသည်။ အာဒံနှင့်ဧဝတို့သည် အပြစ်ကင်းသောကြောင့်၊ ဖန်ဆင်းခြင်းကိုကြည့်ရှုစဉ်တွင် သူတို့အတွက် ဘုရားသခင်နှင့် ကိုယ်တော်၏အလိုတော်အကြောင်း များစွာသိရှိထားကြောင်း ကျွန်ုပ်တို့ယုံကြည်စိတ်ချနိုင်သည်။ သို့တိုင်၊ အပြစ်မရှိမီကပင်၊ အထူးဖွင့်လှစ်ဖော်ပြခြင်းလမ်းညွှန်မှုမပါဘဲ ဖန်ဆင်းခြင်းကို ရှုမှတ်ရုံမျှဖြင့် ဓမ္မပညာသည် ဆင်းသက်လာမည်မဟုတ်ပေ။ ဘုရားသခင်သည် အာဒံအား ကောင်းမကောင်းကိုသိကျွမ်းရာအပင်၊ ဥယျာဉ်ကို ထိန်းသိမ်းခြင်း၊ ပွားများခြင်း၊ ဥယျာဉ်၏နယ်နိမိတ်ကိုကျော်လွန်၍ နေထိုင်ခြင်းနှင့် မြေတစ်ပြင်လုံးကို အုပ်စိုးခြင်းဆိုင်ရာ တိကျသောညွှန်ကြားချက်များဖြင့် သူ၏အထူးအမိန့်တော်ကို ပေးခဲ့သည်။

အပြစ်တရားသည် ဤလောကသို့ရောက်လာသည်နှင့်တစ်ပြိုင်နက်၊ အထူးဖွင့်လှစ်ဖော်ပြခြင်းသည်လည်း ဘုရားသခင်၏ ရွေးနှုတ်ခြင်းအစီအစဉ်ကို အာရုံစိုက်ခဲ့သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏တရားစီရင်ခြင်းအောက်တွင်ရှိကြောင်း၊ ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းအားဖြင့် ထင်ရှားသော်လည်း၊ အထူးဖွင့်လှစ်ဖော်ပြခြင်းသာလျှင် ခရစ်တော်၌ ကယ်တင်ခြင်းကို ဖော်ပြသည်။ အထူးသဖြင့် အပြစ်တရားသို့ ကျရောက်ချိန်မှစ၍၊ ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းမှတဆင့် ဓမ္မပညာကို တည်ဆောက်ခြင်းလုပ်ငန်းစဉ်သည်— တစ်ခါတစ်ရံ "သဘာဝတရားဓမ္မပညာ" ဟုခေါ်သည်—အထူးဖွင့်လှစ်ဖော်ပြခြင်းအားဖြင့် လမ်းညွှန်ရမည်ဖြစ်သည်။ ထိုသို့မဟုတ်ပါက၊ ဖန်ဆင်းခြင်းတွင် ဘုရားသခင်ဖော်ပြခဲ့သောအရာကို ကျွန်ုပ်တို့ လွဲမှားစွာကိုင်တွယ်နိုင်သည်ထက် ပိုများသည်။

> အညွှန်းအားဖြင့် သို့မဟုတ် သဘာဝတရားဓမ္မပညာ အမျိုးအစားအားဖြင့် ဘုရားသခင်နှင့်ပတ်သက်၍ သင်ယူနိုင်သည်များကို အလွန်သတိထားစေချင်ပါသည်။ ကိုယ်တော်၏ဘုန်းတန်ခိုးအာနုဘော်တော်အကြောင်းပြောသော ရောမ ၁:၂၀ ကိုအမှီပြုချင်ပါသည်။ ၎င်းသည် သင့်အနေဖြင့် သင်ယူနိုင်သောအရာနှင့် ပတ်သက်၍ ယုံကြည်စိတ်ချနိုင်သည့်အရာများဖြစ်သည်ဟု ထင်ပါသည်။ သို့သော် ကျွန်ုပ်ချက်ချင်းပြောလိုသည်မှာ ကျွန်ုပ်တို့သည် မှန်ကန်သည့်အမြင်ရှိရန် အထူးဖွင့်လှစ်ဖော်ပြခြင်း အပူတပြင်း လိုအပ်နေပါသည်...ထို့ကြောင့်၊ သင်သည် လူသားတို့၏ ဆင်ခြင်တုံတရားကို စစ်ဆေးရန် အထူးဖွင့်လှစ်ဖော်ပြခြင်း လိုအပ်နေသေးသည်—ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသော၊ သို့မဟုတ် အမှီအခိုကင်းသော လူသားတို့၏ ဆင်ခြင်တုံတရား— အကြောင်းမှာ ဖန်ဆင်းထားသော



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> နယ်ပယ်သည် ပြဿနာတစုံတရာကို သိမြင်နိုင်ပြီး နားလည်နိုင်သည့်အရာ အချို့ကို ထုတ်ပေးသောကြောင့် ဖြစ်သည်။ သခင်ယေရှုခရစ်၏ အဖြစ်မှန်ကို အထူးဖွင့်လှစ်ဖော်ပြခြင်းသည် ဘုရားသခင်မည်သူဖြစ်သည်ကို တိကျစွာ ဖြည့်စွက်ပေးသည်။
>
> **ဒေါက်တာ Bruce L. Fields**

အထူးဖွင့်လှစ်ဖော်ပြခြင်းအတွက် ကျွန်ုပ်တို့၏လိုအပ်ချက်ကို စိတ်ထဲစွဲမှတ်ထားကာ၊ ယေဘူယျ ဖွင့်လှစ်ဖော်ပြခြင်းအတွက် လိုအပ်ချက်ကိုလည်း ကြည့်ရှုသင့်သည်။ ကျွန်ုပ်တို့၏ဓမ္မပညာကို သမ္မာ ကျမ်းစာမှတည်ဆောက်ရန် အဘယ်ကြောင့် မလုံလောက်သနည်း။ ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းသည် သမ္မာကျမ်းစာတွင် ကျွန်ုပ်တို့မတွေ့ရသောအရာနှင့်ပတ်သက်၍ မည်သို့အထောက်အကူပြုသနည်း။

ဤနေရာတွင် အလေးပေးဖော်ပြခဲ့သည့်အတိုင်း၊ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာ၏ ခိုင်လုံသော လမ်းညွှန်မှုမရှိဘဲ ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းများကို မည်သည့်အခါမှ မချဉ်းကပ်သင့်ပါ။ သို့သော် တစ်ချိန်တည်းတွင်၊ သမ္မာကျမ်းစာသည် ကန့်သတ်အရေအတွက်အနည်းငယ်ကိုသာ တိုက်ရိုက်ဖော်ပြပြီး၊ ၎င်းတို့သည် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်း၏ကျယ်ပြန့်မှုနှင့် နှိုင်းယှဉ်လျှင် အနည်းငယ်မျှသာ ပြောဆိုကြ သည်။ အမှန်ဆိုရလျှင်၊ သမ္မာကျမ်းစာရေးသူများသည် ၎င်းတို့၏မှတ်သွင်းခံစာများကို ရေးသည့်အခါ တိုင်း၊ သူတို့နှင့် သူတို့၏ပရိသတ်များသည် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းမှရရှိသောအသိပညာအပေါ် အခြေခံ၍ တည်ဆောက်ကြသည်။ ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းသည် အထူးဖွင့်လှစ်ဖော်ပြခြင်းကို ဆက်သွယ်နိုင်သည့် ဆက်စပ်အကြောင်းအရာကို ပေးသည်။ ၎င်းသည် ယနေ့ကျွန်ုပ်တို့အတွက်လည်း အလားတူပင်ဖြစ်သည်။

ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းလိုအပ်ချက်သည် အနည်းဆုံး နည်းလမ်းနှစ်ခုဖြင့် တွေ့ရသည်။ တစ်ဖက်တွင်၊ ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းမှ ကျွန်ုပ်တို့သင်ယူခဲ့ရသည့်အရာများသည် အထူးဖွင့်လှစ် ဖော်ပြခြင်းကို နားလည်စေသည်။ ထိုအရာကို ဤပုံစံ စဉ်းစားကြည့်ပါ။ လူတစ်ဦးသည် သမ္မာကျမ်းစာ၏ ဖွင့်လှစ်ဖော်ပြခြင်းသို့ဝင်ရောက်နိုင်ရန် အနည်းဆုံးဘာသာစကားကို အတိုင်းအတာတစ်ခုအထိ ဖတ်ရှုနိုင် ရမည် သို့မဟုတ် နားလည်နိုင်ရမည်ကို ကျွန်ုပ်တို့အားလုံးသိကြသည်။ သို့သော် အခြားရင်းမြစ်များမှ အကူအညီမပါဘဲ သမ္မာကျမ်းစာ၏ နှုတ်ကပတ်တော်များကို မည်သို့ဖတ်ရှုရန် သို့မဟုတ် မည်သို့နား လည်နိုင်ရန်ကို လေ့လာသင်ယူခဲ့သူ မည်မျှရှိသနည်း။ သေချာသည်မှာ အဖြေသည် "မရှိပါ။" ကျွန်ုပ်တို့ အများစုသည် ဖန်ဆင်းခြင်း၏အခြားအစိတ်အပိုင်းများပါဝင်သော အရာဝတ္ထုများနှင့် လုပ်ဆောင်ချက် များ၏အကူအညီဖြင့် မိဘ သို့မဟုတ် ပြုစုစောင့်ရှောက်သူတစ်ဦးထံမှ ဘာသာစကားသင်ယူခဲ့ကြသည်။ နောက်ပိုင်း၌လည်း အလားတူနည်းလမ်းဖြင့် စာဖတ်တတ်လာခဲ့သည်။ ယေဘူယျဖွင့်လှစ်ဖော်ပြခြင်း ရှုထောင့်များမှ ကျွန်ုပ်တို့သင်ယူခဲ့ရသည်များကို တည်ဆောက်ခြင်းဖြင့်သာ သမ္မာကျမ်းစာကို ချဉ်းကပ် နိုင်မည်ဖြစ်သည်။

ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းအပေါ် ကျွန်ုပ်တို့၏မှီခိုအားထားမှုသည် သမ္မာကျမ်းစာသို့ရောက်ရှိ လာသည်နှင့်အမျှ ပို၍နက်ရှိုင်းလာသည်။ အကယ်၍ ၎င်းသည် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းမှ လူများ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သင်ယူခဲ့သောအရာများအတွက် မဟုတ်ပါက၊ ကျွန်ုပ်တို့တွင် ကျမ်းစာများပင် ဖတ်ရန်ရှိမည်မဟုတ်ပါ။ ကျမ်းစာဘာသာပြန်သူများသည် မည်သို့ဘာသာပြန်ရမည်ကို သင်ယူခဲ့ကြသည်။ ပုံနှိပ်သူများသည် ပုံနှိပ်နည်းကို သင်ယူခဲ့ကြပြီး၊ ထုတ်ဝေသူများသည် မည်သို့ထုတ်ဝေရမည်ကို အများအားဖြင့် ယေဘုယျဖွင့်လှစ်ဖော်ပြခြင်းမှ သင်ယူခဲ့ကြသည်။ ဤအခြေခံသဘောအရ၊ ကျွန်ုပ်တို့သည် အထူးဖွင့်လှစ်ဖော်ပြခြင်းကို လေ့လာရန် ပြင်ဆင်ပေးသောကြောင့် ယေဘုယျဖွင့်လှစ်ဖော်ပြခြင်းကို အာရုံစိုက်ရမည်ဖြစ်သည်။

အခြားတစ်ဖက်တွင်၊ ကျွန်ုပ်တို့၏အသက်တာတွင် သမ္မာကျမ်းစာကို အောင်မြင်စွာလိုက်လျှောက်ရန်အတွက် ယေဘုယျဖွင့်လှစ်ဖော်ပြခြင်းလည်း လိုအပ်သည်။ ဥပမာ၊ သမ္မာကျမ်းစာသည် မတူညီသောအကြောင်းအရာများစွာကို ထိရောက်စွာလိုက်နာရန် မှားယွင်းမှုမရှိခြင်းမူများကို ပေးထားသည်။ သို့တိုင်၊ ဤမူများကိုကျင့်သုံးရန်၊ ၎င်းတို့ကို လက်တွေ့ကျင့်သုံးနေသည့် ဖန်ဆင်းခြင်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာကို သိရှိထားရန်လိုအပ်ပါသည်။

ခင်ပွန်းသည် ဇနီးမယားများကို ချစ်ရမည်ဟု သမ္မာကျမ်းစာသည်ဖော်ပြထားသော်လည်း၊ ဤကျမ်းစာမူကို ကျင့်သုံးရန် ယေဘုယျဖွင့်လှစ်ဖော်ပြခြင်းမှ အချို့အရာများကို ကျွန်ုပ်တို့ သိထားရမည်ဖြစ်သည်။ ခင်ပွန်းဟူသည် အဘယ်နည်း။ ဇနီးမယားဟူသည် အဘယ်နည်း။ သူ၏သီးခြားအခြေအနေတွင် ဇနီးတစ်ဦးကို ချစ်ကြောင်းပြသရန်ဟူသည်မှာ မည်သည်ကိုဆိုလိုကြောင်းလည်း သိထားရပါမည်။ ဤသဘောအရ၊ သမ္မာကျမ်းစာအား သစ္စာရှိစွာကျင့်သုံးခြင်းသည် ဘုရားသခင်၏ ယေဘုယျဖွင့်လှစ်ဖော်ပြခြင်းအပေါ် အမြဲမူတည်သည်။

ထို့ကြောင့်၊ ဘုရားသခင်သည် ယေဘုယျနှင့် အထူးဖွင့်လှစ်ဖော်ပြခြင်းနှစ်မျိုးလုံးတွင် မိမိကိုယ်ကိုထုတ်ဖော်ပြသပြီး၊ ဖန်ဆင်းခြင်း၌လည်းကောင်း၊ သမ္မာကျမ်းစာ၌လည်းကောင်း ကိုယ်တော်၏ဖွင့်လှစ်ဖော်ပြခြင်းကို ကျွန်ုပ်တို့အား ရှာဖွေတွေ့ရှိရန် မျှော်လင့်တော်မူကြောင်း သိရသည်။ ဖွင့်လှစ်ဖော်ပြခြင်းပုံစံနှစ်ခုစလုံးအား မိမိကိုယ်တိုင်ရပ်တည်ရန် ရည်ရွယ်ထားခြင်းမရှိပါ။ ကျွန်ုပ်တို့၏ဓမ္မပညာကို တည်ဆောက်ရာတွင် နှစ်ခုစလုံးကို စွဲကိုင်ရန် ဘုရားသခင် ခွဲခန့်ညွှန်ကြားထားသည်။

> အထူးဖွင့်လှစ်ဖော်ပြခြင်းအသိပညာသည် ယေဘုယျဖွင့်လှစ်ဖော်ပြခြင်းကို နားလည်နိုင်စေရန် ကူညီပေးသကဲ့သို့၊ ယေဘုယျဖွင့်လှစ်ဖော်ပြခြင်းမှ ကျွန်ုပ်တို့၏ဘဝအတွေ့အကြုံများသည် အထူးဖွင့်လှစ်ဖော်ပြခြင်းကို နားလည်ရန်လည်း ကူညီပေးနိုင်ပါသည်။ တစ်နည်းဆိုရသော်၊ ကျွန်ုပ်တို့၏ဘဝအတွေ့အကြုံများသည် သမ္မာကျမ်းစာကို နားလည်ရန် ကူညီပေးနိုင်သည်။ သမ္မာကျမ်းစာတစ်လျှောက်တွင် ၎င်းကိုမကြာခဏ ပေါ်လွင်ထင်ရှားစေသည့်နည်းတစ်နည်းမှာ ဘုရားသခင်နှင့်ပတ်သက်သည့်အရာများကို ဆက်သွယ်နိုင်စေရန်အတွက် သမ္မာကျမ်းစာသည် ဖန်ဆင်းခြင်းသို့အယူခံဝင်ပုံဖြစ်သည်။ ဆာလံ ၁၉ သည် “မိုဃ်းကောင်းကင်သည် ဘုရားသခင်၏ ဘုန်းအသရေတော်ကို ကြားပြော၍၊ မိုဃ်းမျက်နှာကြက်သည် လက်တော်နှင့်လုပ်သောအရာများကို ပြသ၏။" ကမ္ဘာကိုကြည့်သောအခါ၊ အချို့အရာများကို မြင်ရသည်။ ထိုနောက်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> သမ္မာကျမ်းစာကိုကြည့်သောအခါ၊ ထိုအရာများသည် ဘုရားသခင်အကြောင်း ကျွန်ုပ်တို့ထံ မည်သို့ဆက်သွယ်ပေးသည်ကို မြင်ရသည်...၎င်းသည် ဘုရားသခင် ပြောသကဲ့သို့မဟုတ်။ ဘုရားသခင်သည် "ငါ့ကိုယ်ငါ ဘယ်လိုပုံဥပမာနဲ့ ဖော်ပြရမလဲ။ အိုး၊ ဟိုမှာ ကျောက်တုံးတစ်တုံးပါလား။ ငါက ကျောက်တုံးလို ပါပဲ။" သို့သော် ဖန်ဆင်းရှင်အဖြစ်၊ ဘုရားသခင်သည် ကျောက်တုံးကို ဖန်ဆင်းထားသောကြောင့် "ငါသည် ကျောက်တုံးကဲ့သို့ပင်" ဟုဆိုနိုင်ပါသည်။ ဘုရားသခင်သည် ရေကိုဖန်ဆင်းထား၍ "ငါသည် အသက်ရေဖြစ်၏" ဟု ဆိုနိုင်ပါသည်။ ဘုရားသခင်သည် ဖန်ဆင်းခြင်း၏အရှင်ဖြစ်သောကြောင့်၊ ဖန်ဆင်းခြင်းသည် ကျမ်းကျင်သောစကားပြန်၊ သိပ္ပံပညာရှင်၊ ခရစ်တော်၏ အုပ်စိုးမှုအောက်တွင် ဘာသာပြန်ပေးသည့် ဘုရားသခင်၏ကဗျာဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် ဖန်ဆင်းခြင်းကို အလင်္ကာ သို့မဟုတ် ပုံသဏ္ဍာန် အဖြစ် အသုံးပြု၍ သမ္မာကျမ်းစာဖော်ပြသည့် ဆက်စပ်အကြောင်းအရာကို ပေးရန်အတွက် ဖန်ဆင်းခြင်းတွင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်သည်ကို သင်မြင်သည်။
>
> **သိက္ခာတော်ရ ဆရာကြီး Michael J. Glodo**

ဘုရားသခင်၏ ဖွင့်လှစ်ဖော်ပြခြင်းကိုရှာဖွေခြင်းသည် ကိုယ်တော်၏ အထူးနှင့် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းတို့ကို ရှာဖွေရန် လိုအပ်ကြောင်း ကျွန်ုပ်တို့သိမြင်ခဲ့ပြီးဖြစ်သဖြင့်၊ ဒုတိယအကြောင်းအရာဖြစ်သော_ ဖွင့်လှစ်ဖော်ပြခြင်းကို နားလည်ခြင်းကို ဆက်လေ့လာသင့်ပါသည်။ ဖွင့်လှစ်ဖော်ပြခြင်းကို ကျွန်ုပ်တို့ မည်သို့နားလည်ရမည်နည်း။ ၎င်းမှဓမ္မပညာကို ရနိုင်ပါမည်လော။

# ဖွင့်လှစ်ဖော်ပြခြင်းကို နားလည်ခြင်း

ကျွန်ုပ်တို့အသိအမှတ်ပြုရန်တစ်ခုမှာ ဘုရားသခင်သည် ကိုယ်တော်တိုင်နှင့် ကိုယ်တော်၏အလိုတော်ကို မည်သို့ထုတ်ဖော်ခဲ့ကြောင်းနှင့် မှန်ကန်သောဓမ္မပညာဆိုင်ရာတုံ့ပြန်မှုများကို ပုံဖော်ရန်လည်း ကျွန်ုပ်တို့အတွက် နောက်ထပ်အရာတစ်ခု ဖြစ်သည်။ ဘုရားသခင်၏ ယေဘူယျနှင့် အထူးဖွင့်လှစ်ဖော်ပြခြင်းများအပေါ် မှီခိုကိုးစားရန် အပြည့်အဝကတိသစ္စာပြုထားသည့် ခရစ်ယာန်များပင်လျှင် ၎င်းတို့၏ ဓမ္မပညာပုံစံများအတိုင်း ကွဲပြားသောလမ်းကြောင်းများသို့ ရောက်ရှိသွားကြသည်။ အမှန်ဆိုရလျှင်၊ သာမန်နှင့် အလွတ်သဘော ခရစ်ယာန်ဓမ္မပညာ၏သမိုင်းကြောင်းကို ရှေးရိုးစွဲဝါဒ orthodoxy၊ မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis နှင့် မှန်ကန်သောခံစားမှု orthopathos နှင့်ပတ်သက်သော ကိစ္စရပ်များစွာအတွက် ကျွန်ုပ်တို့၏သဘောထားကွဲလွဲမှုများကို ရေးသားနိုင်သည်။ ၎င်းသည် အဘယ်ကြောင့်

မှန်ကန်သနည်း။ ကျွန်ုပ်တို့၏ဓမ္မပညာအပေါ် ဘုရားသခင်၏ဖွင့်လှစ်ဖော်ပြခြင်း မည်ကဲ့သို့သက်ရောက်သင့်သည်ကို နားလည်သဘောပေါက်ခြင်းသည် ရှုပ်ထွေးသောဖြစ်စဉ်တစ်ခု ဖြစ်သည်။

ဤဖွင့်လှစ်ဖော်ပြခြင်းကို နားလည်သဘောပေါက်မှုဖြစ်စဉ် ဖြစ်ပေါ်လာပုံကို သိနိုင်ရန်၊ ဦးတည်ချက်သုံးရပ်ဖြင့် အာရုံစိုက်လေ့လာမည်။ ဦးစွာ၊ အပြစ်၏အတားအဆီးကို လေ့လာမည်။ ဒုတိယ၊ သန့်ရှင်းသောဝိညာဉ်တော်၏အလင်းပေးခြင်းကို လေ့လာမည်။ တတိယ၊ ကျွန်ုပ်တို့၏ဓမ္မပညာအပေါ် ဤလုပ်ဆောင်မှုများ၏ရလဒ်များကို လေ့လာမည်ဖြစ်သည်။ ဘုရားသခင်၏ဖွင့်လှစ်ဖော်ပြခြင်းကို နားလည်ရန်ကြိုးစားသောအခါ အပြစ်သည် ကျွန်ုပ်တို့ကို မည်ကဲ့သို့အတားအဆီး ဖြစ်စေကြောင်းကို ဦးစွာကြည့်ကြပါစို့။

# အပြစ်၏အတားအဆီး

အပြစ်သည် အခြားသူများ၏အသက်တာ၌သာမက ကျွန်ုပ်တို့၏အသက်တာတွင်လည်း တန်ခိုးကြီးသောစွမ်းအားဖြစ်ကြောင်း ခရစ်တော်၏နောက်လိုက်တိုင်း သိကြသည်။ စစ်မှန်သောယုံကြည်သူများသည် အပြစ်၏ဖိနှိပ်ချုပ်ချယ်မှုမှ လွတ်မြောက်ပြီး အပြစ်တရားအပေါ် ဘုရားသခင်၏ထာဝရတရားစီရင်ခြင်းမှ လွတ်မြောက်ခဲ့ကြသည်။ သို့သော် အပြစ်တရားသည် ကျွန်ုပ်တို့၏အသက်တာ၏ ကဏ္ဍတိုင်းတွင်ဆက်လက်သက်ရောက်လျက်ရှိနေသည်။ အပြစ်သည် ဖောက်ပြန်ပျက်စီးကာ ပြိုလဲနေသောကမ္ဘာတွင်နေထိုင်သော ကျရှုံးနေသောသတ္တဝါများအဖြစ် ကျွန်ုပ်တို့၏ဓမ္မပညာကို တည်ဆောက်စေသည်။

ဝမ်းနည်းစရာအဖြစ်မှာ၊ အပြစ်သည် လူသားများအပေါ် ပြင်းထန်စွာ သက်ရောက်မှုရှိခဲ့ကြောင်း အသိအမှတ်ပြုရမည်ဖြစ်သည်။ အမှန်ဆိုရလျှင်၊ ဘုရားသခင်သည် အပြစ်၏လွှမ်းမိုးမှုကို မစစ်ဆေးဘဲ ထားခဲ့မည်ဆိုလျှင်၊ ကျွန်ုပ်တို့၏စွမ်းအားရှိသမျှဖြင့် ကိုယ်တော်၏ဖွင့်လှစ်ဖော်ပြခြင်းကို ငြင်းပယ်မည်ဖြစ်သည်။ ဘုရားသခင်၏ သာမန်နှင့် အထူးကျေးဇူးတော်မှတပါး၊ ဘုရားသခင်၏ ဖွင့်လှစ်ဖော်ပြခြင်းတွင် ကျွန်ုပ်တို့၏ ဓမ္မပညာကို အသိအမှတ်ပြုရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန် ကြိုးစားမှုတိုင်းသည် အချည်းနှီးဖြစ်လိမ့်မည်။ ရိုးရာဓမ္မပညာဆိုင်ရာအသုံးအနှုန်းများတွင် ဤပြဿနာကို "အပြစ်တရား၏ အကျိုးဆက်များ" ဟု မကြာခဏ ခေါ်ဝေါ်လေ့ရှိပြီး "စိတ်" ဟု အဓိပ္ပာယ်ရသည့် ဂရိစကားလုံး *nous* (*νοῦς*) မှ ဆင်းသက်လာခြင်းဖြစ်သည်။ အပြစ်သည် ကျွန်ုပ်တို့၏ဉာဏ်ပညာနှင့်နားလည်မှုအပေါ် အပျက်သဘောဆောင်သည့်နည်းလမ်းများကို ရည်ညွှန်းသည်။

အပြစ်၏ ထူးဆန်းသောအကျိုးဆက်များ၏ အတားအဆီးကိုလေ့လာရန်၊ အပြစ်သည် ကျွန်ုပ်တို့၏စိတ်ကို ယေဘုယျဖွင့်လှစ်ဖော်ပြခြင်းအဖြစ်သို့ မှောင်မိုက်သွားစေကြောင်း၊ ထို့နောက် အထူးဖွင့်လှစ်ဖော်ပြခြင်းကို အလားတူမည်သို့ လုပ်ဆောင်သည်ကို ဦးစွာသုံးသပ်မည်။ ယေဘုယျဖွင့်လှစ်ဖော်ပြခြင်းဖြင့် စတင်ကြပါစို့။

## ယေဘုယျဖွင့်လှစ်ဖော်ပြခြင်း

ကျွန်ုပ်တို့ပြောခဲ့သည့်အတိုင်း၊ ကမ္ဘာပေါ် ရှိလူတိုင်းသည် ယေဘုယျဖွင့်လှစ်ဖော်ပြခြင်း၏ အတိုင်းအတာအချို့ကို သိကြသည်။ သို့သော် အပြစ်သည် ကျွန်ုပ်တို့သိသောအရာများစွာကို ဆီးတားပြီး၊

ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းလုပ်ဆောင်ပေးသည့် အရာများစွာကို မျက်စိကွယ်စေသည်။ ရောမ ၁:၁၈ တွင် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းသမ္မာတရားကိုသိသော အပြစ်ရှိသောတစ်ပါးအမျိုးသားများသည် "သူတို့၏မတရားသောအကျင့်အားဖြင့် သမ္မာတရားကိုဆီးတား"သည်ဟု ပေါလုပြောခဲ့သည်။ တစ်နည်းဆိုရသော်၊ အပြစ်တရားသည် ဖန်ဆင်းခြင်းအားဖြင့် ရှင်းလင်းစွာဖော်ပြသည့် သမ္မာတရားကိုဆီးတားရန် ကျွန်ုပ်တို့အား တွန်းအားပေးသည်။ ကျွန်ုပ်တို့သည် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းကို ငြင်းပယ်ပြီး ဝေးကွာသွားကြသည်။ ဤအခန်း၊ အခန်းငယ် ၂၄-၂၈ တွင် ပေါလုရေးသားခဲ့သည်မှာ၊ မယုံကြည်သူများသည် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းတွင် ဖော်ပြထားသော ကိုယ်ကျင့်တရားမူများကို ဖောက်ဖျက်သကဲ့သို့၊ ဘုရားသခင်သည် သူတို့အား "သူတို့၏ ကိလေသာစိတ်ညစ်ညူးခြင်းလက်"သို့ "အသရေကို အချင်းချင်းရှုတ်ချမည်အကြောင်း" နှင့် "မောဟလက်သို့ အပ်လိုက်တော်မူသည်။"

ကိလေသာစိတ်နှင့် ဆိုးညစ်ခြင်းသည် ကျွန်ုပ်တို့၏စိတ်နှလုံးကို လှည့်စားခြင်းသို့မဟုတ် ပျက်စီးနေသောရုပါရုံကို ဖြစ်စေသည်။ ယေဘူယျဖွင့်လှစ်ဖော်ပြခြင်း၏သမ္မာတရားကို မမြင်နိုင်သောကြောင့်မဟုတ်ပါ။ ကျွန်ုပ်တို့မြင်နိုင်ပါသည်။ ၎င်းအစား၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ကျေးဇူးတော်မှ ဖယ်ရှားခံရသည့်အတိုင်းအတာအထိ၊ ကျွန်ုပ်တို့၏ ဆိုးညစ်သောအလိုဆန္ဒများနှင့် လိုက်လျောညီထွေဖြစ်စေမည့် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းအချက်အလက်များကို လိမ်လည်လှည့်ဖြားသည်။ ကျွန်ုပ်တို့သည် သမ္မာတရားကို မုသာအဖြစ်နှင့် မုသာကိုသမ္မာတရားဟုခေါ်ကြသည်။ အကောင်းကို အဆိုးဟုခေါ်ပြီး၊ အဆိုးကို အကောင်းဟုခေါ်သည်။

> အပြစ်သည် လူ၏စိတ်ကို မထိခိုက်စေကြောင်း မည်သူမှ စဉ်းစားမည်မဟုတ်ဟု မြင်သည်—"အပြစ်တရား၏ အကျိုးဆက်များ" ဟု မကြာခဏ ခေါ်ဝေါ်ကြသည်—အကြောင်းမှာ တခါတရံတွင် ရိုးရှင်းသင့်သည်ဟု ယူဆသောကြောင့်၊ မှန်ကန်သောနည်းလမ်းများကိုမစဉ်းစားဘဲ လုပ်သင့်သည်ဟု ထင်ပါသည်။ ယခု၊ ရိုးသားဖြောင့်မတ်ကြပါစို့။ အချို့သောလူများသည် မတူညီသော အခြေအနေများတွင် အခြားသူများထက် ပိုကောင်းသည်ဟု ထင်မြင်ကြပြီး၊ တူညီသောလူသည်ပြောင်းလဲနိုင်ပြီး အခြေအနေတစ်ခုတွင် ကောင်းနိုင်ပြီး အခြားတစ်ခုတွင် ဆိုးသွားနိုင်သည်။ သို့သော် အမှန်တရားအရ လူသားများသည် အမှားများပြုလုပ်ကြခြင်းဖြစ်သည်။ လူတွေသည် အကြောင်းအမျိုးမျိုးကြောင့် သူတို့ပတ်ဝန်းကျင်၌ မြင်နေရသည့်အမှန်တရားကို တမင်တကာ ရည်ရွယ်ချက်ရှိရှိ သွေဖယ်ဖောက်ပြန်ကြသည်...လူတို့သည် အကောင်းနှင့်အဆိုးကို အထင်မှားရန်လွယ်ကူသည်။ ဆိုလိုသည်မှာ ကောင်းသည်ဟု ကျွန်ုပ်တို့ယူဆခဲ့သောအရာသည် အမှန်တကယ်မကောင်းကြောင်း သမ္မာကျမ်းစာမှ နောက်ပိုင်းတွေ့ရှိသည့် အနေအထားမျိုးမည်မျှရှိမည်နည်း။ သူတို့သည် ကောင်းသည်ဟုခံစားရနိုင်သည်၊ ကောင်းပုံထင်ရနိုင်သည်၊ သင်စိတ်ကူးနိုင်သောစံနှုန်းတိုင်းသည် အကျိုးရှိပုံပေါ်သော်လည်း သမ္မာကျမ်းစာသည် "မဟုတ်" ဟုဆိုပါသည်။ ၎င်းသည် ကျွန်ုပ်တို့စိတ်ထဲ၌ အပြစ်၏အကျိုးသက်ရောက်မှုဖြစ်သည်။ အပြစ်သည် ကျွန်ုပ်တို့၏စိတ်များကို ထိခိုက်စေသောကြောင့် တစ်ခါတစ်ရံတွင် အငြင်း

အခုံများနှင့် ကျိုးကြောင်းဆီလျော်သောစဉ်းစားတွေးခေါ်မှုဖြင့် မှန်ကန်သော သက်ရောက်မှုများကိုပင် မဖော်ထုတ်နိုင်သည်ကို တွေ့ရသည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့ အမြဲတစေရုန်းကန်နေရသည့် အဖြစ်မှန်မှာ ကျွန်ုပ်တို့၏ အသန့်စင်ဆုံး၊ ဂရုတစိုက်နှင့် ဆင်ခြင်တုံတရားရှိသော စဉ်းစားတွေးခေါ်မှုများပင်လျှင် အပြစ်၏ သက်ရောက်မှုကို ခံခဲ့ရပါသည်။

**ဒေါက်တာ Richard L. Pratt, Jr.**

ရောမ ၁ သည် ဘုရားသခင်၏ ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းနှင့်ပတ်သက်၍ ထင်ရှားစွာသိမြင်နိုင်သော ဂုဏ်ရည်တော်များအားဖြင့် ဖော်ပြသည်။ ထို့နောက် ရောမ ၂ သည် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်း၏ အတွင်းသဏ္ဍာန် ဖြစ်သည့် အမှားနှင့်အမှန်ကိုသိခြင်းဟူသော သဘောတရားကို ဖော်ပြသည်။ အထူးသဖြင့် အမှားနှင့်အမှန်ကို ပိုင်းခြားသိမြင်နိုင်စေရန်အတွက် ကျွန်ုပ်တို့သည် သမ္မာကျမ်းစာဆီ သွားရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျရှုံးနေသောကြောင့်၊ ကျွန်ုပ်တို့၏ အမှားနှင့်အမှန်ကို သိနားလည်ခြင်း၏အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကျရှုံးခြင်းအဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုဖြစ်ပြီး၊ ကျွန်ုပ်တို့တွင်ရှိသော တစ်ခုတည်းသော ရည်မှန်းချက်စံနှုန်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်သည်။ ထို့ကြောင့်၊ ကျင့်ဝတ်စံနှုန်းများနှင့်ပတ်သက်လာလျှင် ရှင်းလင်းပြတ်သားရန် သမ္မာကျမ်းစာလုံးဝ လိုအပ်သည်။

**ဒေါက်တာ Jeff Lowman**

ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းကို သင့်လျော်စွာအသုံးပြုရန်အတွက် ကျွန်ုပ်တို့၏အရည်အချင်းတွင် အပြစ်၏အတားအဆီးကိုတွေ့မြင်ပြီးနောက်၊ ယခု အထူးဖွင့်လှစ်ဖော်ပြခြင်းကို ဆက်လေ့လာသင့်သည်။ အထူးဖွင့်လှစ်ဖော်ပြခြင်းအသုံးပြုခြင်းအပေါ် အပြစ်သည် မည်သို့အကျိုးသက်ရောက်သနည်း။ အထူးသဖြင့် သမ္မာကျမ်းစာတွင် ဘုရားသခင်၏ဖွင့်လှစ်ဖော်ပြခြင်းအပေါ် မည်သို့အကျိုးသက်ရောက်သနည်း။

## အထူးဖွင့်လှစ်ဖော်ပြခြင်း

အပြစ်သည် ကျွန်ုပ်တို့၏ကျမ်းစာနားလည်မှုအတွက် ပြင်ပအတားအဆီးတစ်ခုထက် ပိုပါသည်။ ၎င်းသည် အတွင်းအတားအဆီးတစ်ခုလည်းဖြစ်သည်။ ဥပမာအားဖြင့်၊ ရောမ ၇ တွင် အပြစ်တရားသည် ကျွန်ုပ်တို့၏သမ္မာတရားကို တောင့်တလိုချင်စွမ်းကိုပင် လွှမ်းမိုးနိုင်စေသော အတွင်းတန်ခိုးအာဏာတစ်ခုအဖြစ် ဖော်ပြသည်။ ထို့ကြောင့် သမ္မာကျမ်းစာတစ်အုပ်ကို ကောက်ယူသောအခါတွင် ကျွန်ုပ်တို့သည် သဘာဝအတိုင်း မှန်ကန်စွာ အဓိပ္ပာယ်ပြန်ဆိုနိုင်လိမ့်မည်ဟု မယူဆနိုင်ပါ။

> ထိုသို့ ကျွန်ုပ်တို့ပြုလျှင် ကြီးလေးသောအမှားတစ်ခုပြုနေခြင်းဖြစ်သည်။ ၎င်းသည် သမ္မာကျမ်းစာ၏အဓိပ္ပာယ်နှင့်ပတ်သက်၍ ကျွန်ုပ်တို့၏သဘောထားကွဲလွဲမှုများစွာကို ရှင်းပြသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အတွင်း၌ရှိသော အပြစ်၏တန်ခိုးကို လျှော့တွက်ကြသည်...ထို့ကြောင့် ဧဖက် ၁ တွင် ဧဖက်မြို့သားများ သူပေးသောသွန်သင်ချက်များကို နားလည်ရန် သန့်ရှင်းသောဝိညာဉ်တော်မှ အလင်းပေးရန် အပြင်းအထန်ဆုတောင်းသည်ဟု ပေါလုဆိုသည်...ထို့ကြောင့် ယုံကြည်သူများအနေဖြင့် သမ္မာကျမ်းစာသွန်သင်မှုကို နားလည်သဘောပေါက်ကာ စည်းလုံးညီညွတ်စွာလုပ်ဆောင်လိုပါက၊ ကျွန်ုပ်တို့အတွင်း၌ အပြစ်၏တန်ခိုး ကြီးမားမှုကိုရင်ဆိုင်ရမည်ဖြစ်ပြီး၊ ၎င်းကိုကျော်လွှားနိုင်ရန် ဝိညာဉ်တော်၏တန်ခိုးကို တောင်းခံခြင်းဖြင့်၊ သမ္မာကျမ်းစာအနက်ဖွင့်ဆိုချက်နှင့် ၎င်းမှထွက်ပေါ်လာသောအယူဝါဒများကို စည်းလုံးညီညွတ်မှုဆီသို့ ဦးတည်လုပ်ဆောင်ရမည်ဖြစ်သည်။

**ဒေါက်တာ Andrew Parlee**

အပြစ်ရှိသောလူသားများသည် ဘုရားသခင်၏ကရုဏာမရှိလျှင် သမ္မာကျမ်းစာသွန်သင်ချက်ကို ဆန့်ကျင်ကြောင်း သမ္မာကျမ်းစာကိုယ်တိုင် ဖော်ပြသည်။ ဖာရိရှဲများသည် ဓမ္မဟောင်းကျမ်းကို အလွဲအသုံးပြုသည်ဟု ယောဟန် ၅:၃၉၊ ၄၀ တွင် ယေရှု မှတ်ချက်ပေးခဲ့သည်။ ၂ ပေတရု ၃:၁၅၊ ၁၆ တွင် ပေါလု၏အရေးအသားများကို အခြားကျမ်းများကဲ့သို့ မှောက်လှန်သည်ဟု ပြောဆိုသောအခါတွင် ပေတရုသည် အလားတူမှတ်ချက်ပေးခဲ့သည်။ ဘုရားသခင်၏ကျေးဇူးတော်မှလွဲ၍ အပြစ်ရှိသောလူသားများသည် သမ္မာကျမ်းစာကို လွဲမှားစွာကိုင်တွယ်ကာ အလွဲယူတတ်ကြသည်။

သမ္မာကျမ်းစာအားမှားယွင်းစွာအဓိပ္ပာယ်ဖွင့်ဆိုခြင်း၏ ဤပြဿနာသည် မယုံကြည်သူအတွက် မဟုတ်ပါ။ ၎င်းသည် ယုံကြည်သူများကိုလည်း ကူးစက်စေသည်။ လွယ်ကူစွာသတိရလာနိုင်သည့် ဥပမာတစ်ခုမှာ ၁၇ ရာစု၊ ၁၈ ရာစု နှင့် ၁၉ ရာစုနှစ်များအတွင်း အာဖရိကကျွန်ကုန်သွယ်မှုကို သမ္မာကျမ်းစာသည် ထောက်ခံကြောင်း ဥရောပနှင့် အမေရိကန် ဓမ္မပညာရှင် မည်မျှယုံကြည်ခဲ့သနည်း။ ၎င်းသည် မည်သို့ဖြစ်မည်နည်း။ ခရစ်ယာန်များသည် သမ္မာကျမ်းစာကို အဘယ်ကြောင့် ဤမျှလွဲမှားစွာ နားလည်ကြသနည်း။ အဖြေမှာ အပြစ်တရားသည် ယုံကြည်သူများ၏သမ္မာကျမ်းစာအပေါ် နားလည်နိုင်စွမ်းကိုပင် အဟန့်အတားဖြစ်စေသည်။ ကျွန်ုပ်တို့၏ဉာဏ်ပညာစွမ်းရည် သို့မဟုတ် ကျမ်းစာအသိပညာနက်နဲမှု ရှိနေစေကာမူ၊ ကျွန်ုပ်တို့အားလုံးသည် အထူးဖွင့်လှစ်ဖော်ပြခြင်းကို တစ်နည်းနည်းဖြင့် လှည့်ဖြားကာ လွဲမှားလျက်ရှိသည်ဟု လုံးဝယုံကြည်ထားသင့်သည်။ ကျွန်ုပ်တို့၏ ချို့ယွင်းချက်များနှင့် ဘက်လိုက်မှုများကို ပိုမိုသိရှိနားလည်လေလေ၊ ဤအဓိပ္ပာယ်ကောက်လွဲမှုကို တားဆီးနိုင်လေလေဖြစ်သည်။ သို့သော် ဝမ်းနည်းစရာမှာ ကျွန်ုပ်တို့အားလုံး သမ္မာကျမ်းစာကို အဓိပ္ပာယ်ကောက်လွဲသော နည်းလမ်းအချို့ကို သတိမထားမိဘဲ သေဆုံးသွားကြပါမည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ကျွန်ုပ်တို့၏ အနက်ဖွင့်ဆိုချက်များသည် သမ္မာကျမ်းစာ၏ အခွင့်အာဏာအပေါ် အခြေခံမှုရှိရမည်ဖြစ်ပြီး၊ သမ္မာကျမ်းစာသည် ကျွန်ုပ်တို့၏အဓိပ္ပာယ်ဖွင့်ဆိုချက်အတွက် တာဝန်ခံစရာမရှိပါ။ ယခု၊ ၎င်းကို မည်သို့နားလည်သည်နှင့်ပတ်သက်၍ ဂရုပြုလိုပါသည်။ သမ္မာကျမ်းစာကို တိကျစွာနားမလည်နိုင်ဟု ကျွန်ုပ်တို့မဖော်ပြလိုပါ...သို့သော် ကျွန်ုပ်တို့၏အဓိပ္ပာယ်ဖွင့်ဆိုချက်အား သမ္မာကျမ်းစာကိုယ်တိုင် တာဝန်ယူရန် အမြဲခွင့်ပြုရမည်ဖြစ်သည်။ လွဲမှားစွာ အနက်ပြန်နိုင်သည်။ သက်ဆိုင်ရာ အချက်အလက်အားလုံးကို ထည့်သွင်းမစဉ်းစားရန် ဖြစ်နိုင်ပါသည်။ မူရင်းကျမ်းပိုဒ်၏ သမိုင်းအခြေအနေနှင့်ပတ်သက်၍ လွဲချော်နေသည့် အချက်အလက်အချို့ ရှိနေနိုင်သည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အဓိပ္ပာယ်ဖွင့်ဆိုချက်များကို သမ္မာကျမ်းစာသွန်သင်ချက်နှင့်အညီ ပြန်လည်ပြင်ဆင်နိုင်သည်ကို အမြဲတမ်းနားလည်လိုကြပြီး၊ ကျွန်ုပ်တို့သည် ထိုအခွင့်အာဏာထံ အကြိမ်ကြိမ်အထပ်ထပ်အခါခါ ပြန်လာကြသည်။
>
> **ဒေါက်တာ Robert G. Lister**

အပြစ်၏တားဆီးခြင်းသည် ယနေ့ဘူယျနှင့် အထူးဖွင့်လှစ်ဖော်ပြခြင်းကို ကောင်းစွာကိုင်တွယ်ဖြေရှင်းနိုင်စွမ်းအပေါ် နက်ရှိုင်းစွာသက်ရောက်ပုံနှင့်ပတ်သက်၍ ယခုကျွန်ုပ်တို့မြင်တွေ့လာရသောအခါ၊ ကျွန်ုပ်တို့သည် ဖွင့်လှစ်ဖော်ပြခြင်းကိုနားလည်ရန် အကောင်းဆုံးမျှော်လင့်ချက်ဖြစ်သော_ သန့်ရှင်းသောဝိညာဉ်တော်၏အလင်းပေးခြင်းအား ဆက်လေ့လာသင့်သည်။

# သန့်ရှင်းသောဝိညာဉ်တော်၏အလင်းပေးခြင်း

ကျောင်းသားများနှင့် ပညာရှင်တို့သည် ဘုရား၏ဖွင့်လှစ်ဖော်ပြခြင်းကိုအခြေခံ၍၊ ခိုင်ခံ့သော ခရစ်ယာန်ဓမ္မပညာကို ကြိုးစားလုပ်ဆောင်ခြင်းဖြင့် တည်ဆောက်နိုင်သည့်အလား မကြာခဏ ပြုမူလေ့ရှိကြသည်။ ကျိုးကြောင်းဆီလျော်သော နည်းလမ်းများကို တင်းကျပ်စွာ လိုက်နာခြင်းသည် ဖြောင့်မှန်သောအယူဝါဒ Orthodoxy၊ မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis နှင့် မှန်ကန်သောခံစားမှု orthopathos များ၏ ပန်းတိုင်များသို့ ရောက်ရှိနိုင်စေမည်ဟု သူတို့ယုံကြည်ကြသည်။ သို့သော် ၎င်းသည် သာမန်ကိစ္စမဟုတ်။ ယခု ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏တာဝန်တွင် သစ္စာရှိကျေးကျွန်များကဲ့သို့ မိမိကိုယ်ကို အသေအချာကျင့်သုံးရမည်။ သို့သော် အပြစ်၏အကျိုးသက်ရောက်မှုကို ကျော်လွှားရန်၊ ပိုမိုလုပ်ဆောင်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ပုဂ္ဂိုလ်ရေးရှိရန်— သန့်ရှင်းသောဝိညာဉ်တော်၊ သုံးပါးတစ်ဆူ၏တတိယပုဂ္ဂိုလ်နှင့် ပုဂ္ဂိုလ်ရေးသီးသန့်ရှိရန် လိုအပ်သည်။ သူသည် ကျွန်ုပ်တို့၏ဓမ္မပညာတွင် ဘုရားသခင်၏ဖွင့်လှစ်ဖော်ပြခြင်းကို ကောင်းစွာဆုပ်ကိုင်နိုင်ကာ ကျင့်သုံးနိုင်စေရန် ကျွန်ုပ်တို့၏စိတ်ကို အလင်းပေးတော်မူသည်။

မကြာခဏဆိုသလိုပင်၊ ခရစ်ယာန်များသည် ဘုရားသခင်၏ဖွင့်လှစ်ဖော်ပြခြင်းမှ စစ်မှန်သော ဓမ္မပညာကို ကျွန်ုပ်တို့၏အသက်တာတွင် သန့်ရှင်းသောဝိညာဉ်တော်၏ ပုဂ္ဂိုလ်ရေးဆိုင်ရာအမှုတော်မှ ရရှိသည့်ရလဒ် အတိုင်းအတာကို နားမလည်ကြပါ။ ၎င်းအစား၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ပိုင်ဆိုင်သည့်

လူသားသဘာဝစွမ်းရည်များအပေါ် ယုံကြည်စိတ်ချမှုထားကြသည်။ ဉာဏ်အလင်းပေးခြင်းဆိုင်ရာ ခေတ်သစ်ဝါဒ၏ စိတ်သဘောထားဖြင့်၊ ကျွန်ုပ်တို့သည် ဆင်ခြင်တုံတရားနှင့်အညီ ဘုရားသခင်၏ ဖွင့်လှစ်ဖော်ပြခြင်းနှင့်ပတ်သက်၍ ကောင်းစွာသတ်မှတ်ထားသော နည်းလမ်းများကို ကျင့်သုံးပါက စစ်မှန်သောဓမ္မပညာကို တည်ဆောက်နိုင်မည်ဟု ထင်ပါသည်။ သို့သော် လက်တွေ့တွင်၊ ကျွန်ုပ်တို့၏ ဆင်ခြင်တုံတရား စွမ်းရည်များသည် ဖန်ဆင်းခြင်း၏ကျရှုံးသွားသည့် အခြေအနေမှသီးခြားတည်ရှိနေသည် မဟုတ်ပါ။ ကျွန်ုပ်တို့၏ကျရှုံးသောအခြေအနေတွင်၊ အပြစ်သည် ကျွန်ုပ်တို့၏စိတ်ကို မှောင်မိုက်စေသည်။ ကျွန်ုပ်တို့၏ဘာသာစကားနှင့် ယုတ္တိဗေဒစွမ်းရည်များအပါအဝင် ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဖွင့်လှစ်ဖော်ပြခြင်းကို ကောင်းစွာနားလည်လေ့ မရှိကြပါ။ နောက်ထပ် တစ်စုံတစ်ရာ လိုအပ်နေပါသေးသည်— ကျွန်ုပ်တို့၏ ဆင်ခြင်တုံတရား၊ ဘာသာဗေဒနှင့် လက်တွေ့ကျသော စွမ်းရည်များကို အားကောင်းစေမည့် အရာတစ်ခု ဖြစ်သည်။ ယေဘူယျနှင့် အထူးဖွင့်လှစ်ဖော်ပြခြင်းတို့ကို အမှန်တကယ် နားလည်သဘောပေါက်စေပြီး စစ်မှန်သောဓမ္မပညာကို ပုံဖော်နိုင်ရန် အရာတစ်ခုကျွန်ုပ်တို့ လိုအပ်ပါသည်။ ဘုရားသခင်၏ဝိညာဉ်တော် အလင်းပေးခြင်းသည်သာလျှင် ကျွန်ုပ်တို့၏ ကန်းသောမျက်လုံးများဆီသို့ ထိုအလင်းကို ဆောင်ကြဉ်းပေးနိုင်သည်။

သန့်ရှင်းသောဝိညာဉ်တော်၏အလင်းပေးခြင်းကိုလေ့လာရန်၊ ထို့နောက် အထူးဖွင့်လှစ်ဖော်ပြခြင်းအကြောင်း ထိုးထွင်းသိမြင်မှုကိုပေးပုံနှင့် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းကိုလည်းမြင်ရန် ကျွန်ုပ်တို့၏မျက်လုံးများကိုဖွင့်ပေးပုံကို ကြည့်ကြပါစို့။ အထူးဖွင့်လှစ်ဖော်ပြခြင်းဖြင့် စတင်မည်။

## အထူးဖွင့်လှစ်ဖော်ပြခြင်း

ရိုးရာပရိုတက်စတင့်ဓမ္မပညာတွင်၊ "အလင်းပေးခြင်း" ဟူသောအသုံးအနှုန်းသည် အထူးဖွင့်လှစ်ဖော်ပြခြင်းကို ထိုးထွင်းသိမြင်ခြင်းအတွက် ဝိညာဉ်တော်၏လုပ်ငန်းတွင် မကြာခဏအသုံးပြုလေ့ရှိသည်။ *သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏အတွင်း၌ အလုပ်လုပ်ပြီး ကျွန်ုပ်တို့၏စိတ်ကို အသစ်ပြုပြင်ပေးသောကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို နားလည်သဘောပေါက်နိုင်၊ လက်ခံနိုင်၊ ကျင့်သုံးနိုင်မည်ဖြစ်သည်။* ဧဖက် ၁:၁၇-၁၈ တွင် *ဤသမ္မာတရားကို ပေါလုဖော်ပြပုံကို နားထောင်ပါ_*

> ဆုတောင်းသောအချက်ဟူမူကား၊ ငါတို့သခင် ယေရှုခရစ်၏ ဘုရားသခင်ဖြစ်တော်မူသော ဘုန်းကြီး သော အဘခမည်းတော်သည် ကိုယ်တော်မြတ်ကို သိခြင်း အလို့ငှါ ပညာကိုရင်း၊ ထိုးထွင်းသောဉာဏ်ကိုရင်း၊ သင်တို့အား ပေးပါမည် အကြောင်း၊ ခေါ်တော်မူသောကြောင့် မြော်လင့်ရသောအရာကား အဘယ်အရာဖြစ်သည်ကိုရင်း၊ သန့်ရှင်းသူတို့ သည် ခံရသောအမွေတော်၏ ဘုန်းစည်းစိမ်ကား အဘယ်မျှလောက်ကြီးသည်ကိုရင်း (ဧဖက် ၁:၁၇-၁၈)။

ယခု၊ အထူးဖွင့်လှစ်ဖော်ပြခြင်းနှင့်ပတ်သက်၍ ဝိညာဉ်တော်၏အလင်းပေးခြင်းသည် မတူညီသောနည်းလမ်းများဖြင့် လုပ်ဆောင်ကြောင်း သဘောပေါက်ရန် အရေးကြီးပါသည်။ တစ်ဖက်တွင်၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် ရွေးနှုတ်ခြင်းမဟုတ်သော နည်းလမ်းများဖြင့် လုပ်ဆောင်ကြောင်း

သမ္မာကျမ်းစာသည် ရှင်းလင်းစွာ ဖော်ပြထားသောကြောင့် မယုံကြည်သူများပင် အထူးဖွင့်လှစ်ဖော်ပြခြင်း၏ အသွင်အပြင်များစွာကို နားလည်နိုင်သည်။

ဥပမာ၊ တောလည်ရာ ၂၄:၂ အရ၊ ဘုရားသခင်၏ဝိညာဉ်တော်သည် အယူမှားသောပရောဖက် ဗာလမ်အပေါ်သို့ ဆင်းသက်ကာ သူ့ကို ထိုးထွင်းသိမြင်စေသည်။ ရှင်ယောဟန် ၁၁:၄၉-၅၁ တွင်၊ ယေရှု၏လက်ဝါးကပ်တိုင်၌အသေခံခြင်းတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်ခဲ့သော ယဇ်ပုရောဟိတ်မင်း ကယာဖသည် ယေရှု၏သေခြင်း၏အဓိပ္ပာယ်နှင့်စပ်လျဉ်း၍ အမှန်ပင်ပရောဖက်ပြုခဲ့သည်။ မဿဲ ၂၁:၄၅၊ ၄၆ တွင် ဖာရိရှဲများသည် ယေရှု၏ ဆိုးသွမ်းသောဥယျာဉ်စောင့်များ၏ပုံဥပမာသည် သူတို့နှင့်သက်ဆိုင်ကြောင်း နားလည်ခဲ့သော်လည်း စစ်မှန်သောနောင်တရခြင်းထက် လူသတ်ရန်ကြံစည်မှုဖြင့် တုံ့ပြန်ခဲ့ကြသည်။ အလားတူပင်၊ ဟေဗြဲကျမ်း ၆:၄ တွင် စာရေးသူသည် နောက်ပိုင်းတွင်ကယ်တင်ခြင်းအကြောင်း သူမေးခဲ့သောလူများအတွက် ဝိညာဉ်တော်၏ အလင်းပေးခြင်းအကြောင်း အထူးဖော်ပြခဲ့သည်။

ဤနမူနာများကို သာမန်ကျေးဇူးတော်အားဖြင့် “ဝိညာဉ်တော်၏သာမန်လုပ်ဆောင်မှုများ” ဟုခေါ်ဆိုနိုင်ပါသည်။ ဤအရာများသည် ဤလောကတွင် ဝိညာဉ်တော်လုပ်ဆောင်ပေးသော ရွေးနှုတ်ခြင်းမဟုတ်သည့် အခန်းကဏ္ဍများစွာထဲမှ အချို့ဖြစ်သည်။ ထို့ကြောင့် မယုံကြည်သူများပင် သမ္မာကျမ်းစာနှင့် ကိုက်ညီသော ဓမ္မပညာကို နားလည်ပြီး သင်ကြားပေးနိုင်ပါသည်။ ၎င်းသည် ရွေးနှုတ်ခြင်းမခံရသော်လည်း ၎င်းတို့အပေါ် ဝိညာဉ်တော်၏လုပ်ဆောင်မှု၏ ရလဒ်ဖြစ်သည်။

တစ်ချိန်တည်းမှာပင်၊ အသင်းတော်သည် ဝိညာဉ်တော်၏ဗိမာန်တော်ဖြစ်ကြောင်း သတိရရန် အရေးကြီးသည်။ အသင်းတော်သည် ကမ္ဘာပေါ်တွင်သူ၏ အထူးတည်ရှိရာနှင့် ဓမ္မအမှုတော်၏နေရာဖြစ်သည်။ သူသည် သူ၏ရွေးနှုတ်ခြင်းခံရသောလူများကို ဘုရားသခင့်နှုတ်ကပတ်တော်၏ ကယ်တင်ခြင်းအသိပညာကို ပေးသည်။ ထို့ကြောင့်၊ ဝိညာဉ်တော်၏အလင်းပေးမှုသည် မယုံကြည်သူများထက် ယုံကြည်သူများကြားတွင် သာ၍ကြီးမားမည်ဟု မျှော်လင့်ခြင်းသည် မှန်ကန်ပေလိမ့်မည်။ အမှန်ဆိုရလျှင်၊ ယုံကြည်သူဓမ္မပညာရှင်များသည် မယုံကြည်သူများထက် သာလွန်သောနည်းလမ်းများဖြင့် ဝိညာဉ်တော်ထံမှ အမြဲသင်ယူကြသည်ဟု ကျွန်ုပ်တို့မျှော်လင့်သင့်သည်မှာ မှန်ပါသည်။

အထူးဖွင့်လှစ်ဖော်ပြခြင်းဆီသို့ ကျွန်ုပ်တို့၏စိတ်ဝိညာဉ်၏ အလင်းပေးခြင်း၏ အရေးကြီးသော အခန်းကဏ္ဍသည် ခရစ်ယာန်ဓမ္မပညာရှင်တိုင်းအတွက် အလွန်အရေးကြီးသောကိစ္စတစ်ခုကို ပေါ်ပေါက်စေသည်။ ဘုရားသခင်၏ ဝိညာဉ်တော်တစ်ပါးတည်းကသာ ကျွန်ုပ်တို့ကို အလင်းပေးသောကြောင့်၊ ခရစ်ယာန်ဓမ္မပညာရှင်များသည် ဝိညာဉ်တော်နှင့် လိုက်လျောညီထွေရှိစေရန် မိမိတို့ကိုယ်ကို ရည်ရွယ်ချက်ရှိစွာနှင့် ရိုးသားစွာဖြင့် ဆက်ကပ်အပ်နှံထားရမည်။ ခရစ်ယာန်ဓမ္မပညာသည် ကျွန်ုပ်တို့၏ကိုယ်ပိုင်အစွမ်းဖြင့်ပြီးမြောက်အောင်မြင်စေသည့် ပုဂ္ဂိုလ်ရေးစီမံကိန်းတစ်ခုမဟုတ်ပါ။ ကျွန်ုပ်တို့သည် အထူးဖွင့်လှစ်ဖော်ပြခြင်းမှ စစ်မှန်သောဓမ္မပညာကိုရရှိရန်မျှော်လင့်မည်ဆိုပါက သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုအပေါ် အလွန်သန့်ရှင်းသော အာရုံခံနိုင်စွမ်းနှင့် ပုဂ္ဂိုလ်ရေးထိတွေ့ဆက်ဆံမှု လိုအပ်သည်။ ဓမ္မပညာဆိုင်ရာ ကောက်ချက်များသည် ကျေးဇူးတရားဆိုင်ရာဝိညာဉ်တော်၏ ဦးဆောင်မှုကို ကျွန်ုပ်တို့၏စိတ်နှလုံးအကြွင်းမဲ့ဖြင့် ရှာဖွေခြင်းဖြင့်သာ သမ္မာကျမ်းစာမှ မှန်ကန်စွာ ဆင်းသက်လာကြောင်း ခိုင်လုံသောမျှော်လင့်ချက်ရှိသည်။

> အဆင့်တစ်ဆင့်ရှိ မယုံကြည်သူသည် အကြောင်းအရာကို နားလည်ခြင်း သို့မဟုတ် စာရေးသူ၏ ရည်ရွယ်ချက်ကို နားလည်ခြင်း သို့မဟုတ် ၎င်းကို ဘာသာပြန်ဆိုရန် ရေးသားထားသည့် ဘာသာစကားကိုနားလည်ခြင်းတို့ကို ယုံကြည်သူထက် သမ္မာကျမ်းစာတစ်ပိုင်းတစ်စဖြင့် ပိုမိုကောင်းမွန်သောအလုပ်ကို လုပ်ဆောင်နိုင်ပေမည်။ ထို့ကြောင့် မယုံကြည်သူသည် ၎င်းကိုဖတ်ပြီး ယုံကြည်သူကဲ့သို့ အတိုင်းအတာတစ်ခုအထိ ရရှိနိုင်သည်ဟု သင်ပြောနိုင်သည့် သီးခြားနည်းလမ်းများ ရှိသည်။ တစ်နည်းအားဖြင့်၊ အမှန်ရှုထောင့်မှ သို့မဟုတ် ဘာသာစကားနှင့်ပတ်သက်သော ဤအပိုင်းအစများကို နားလည်သဘောပေါက်နိုင်သည်...သို့သော် သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုမှာ ကျွန်ုပ်တို့သည် ပို၍သန့်ရှင်းမြင့်မြတ်လာစေရန်ဖြစ်ပြီး၊ သန့်ရှင်းသောဝိညာဉ်တော်သည် အချိန်ကြာလာသည်နှင့်အမျှ ဘုရားသခင်မိန့်တော်မူမည့် သမ္မာကျမ်းစာကို ဖွင့်ပြရာတွင် ပို၍တက်ကြွနေသင့်သည်။ ထို့ကြောင့် ၎င်းသည် မယုံကြည်သူနှင့် ယုံကြည်သူ ကွဲပြားစွာ ချဉ်းကပ်ရမည့် အခြေခံနေရာများထဲမှ တစ်ခုဟု ထင်ပါသည်။
>
> **ဒေါက်တာ Tim Sansbury**

အထူးဖွင့်လှစ်ဖော်ပြခြင်းနှင့်ပတ်သက်၍ ဝိညာဉ်တော်၏အလင်းပေးခြင်းကို စိတ်ထဲတွင်မှတ်သားထားလျက်၊ အလင်းပေးခြင်းနှင့် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းအား ဆက်လေ့လာကြပါစို့။

## ယေဘူယျဖွင့်လှစ်ဖော်ပြခြင်း

သမ္မာကျမ်းစာတွင် ဘုရားသခင်၏ အထူးဖွင့်လှစ်ဖော်ပြခြင်းကို ကျွန်ုပ်တို့ချဉ်းကပ်ရာတွင် သန့်ရှင်းသောဝိညာဉ်တော်၏အလင်းပေးခြင်းလိုအပ်သည်ဟု ခရစ်ယာန်အများ သဘောတူကြသည်။ ကျွန်ုပ်တို့အများစုသည် ဝိညာဉ်တော်၏အကူအညီမည်မျှလိုအပ်ကြောင်းသိသောကြောင့် သမ္မာကျမ်းစာမဖတ်မီတွင် ပုံမှန်ဆုတောင်းကြသည်။ သို့သော် ကျွန်ုပ်တို့သည် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းကို ဆင်ခြင်သုံးသပ်သည့်အခါ သန့်ရှင်းသောဝိညာဉ်တော်၏ ပုဂ္ဂိုလ်ရေးဆိုင်ရာအမှုတော်လည်း လိုအပ်ပါသည်။ ဖန်ဆင်းခြင်းအားဖြင့် ဘုရားသခင်၏ဖွင့်လှစ်ဖော်ပြခြင်းသည် အလွန်ကြီးမားကျယ်ပြန့်ပြီး ရှုပ်ထွေးလွန်းသောကြောင့် ကျွန်ုပ်တို့ခရစ်ယာန်ဓမ္မပညာကို လေ့လာပြီး အသက်ရှင်နေချိန်တွင် ကျွန်ုပ်တို့၏ သဘာဝစွမ်းရည်များထက် များစွာပို၍ လိုအပ်ပါသည်။ ကျွန်ုပ်တို့ဉာဏ်ပညာလိုသည်။ ဤသို့သော ဉာဏ်ပညာမျိုးကို မည်သူပေးသနည်း။ ဘုရားသခင်၏ဝိညာဉ်တော်ပေးသည်။

ဒံယေလ ၅:၁၄ တွင်၊ အယူမှားသောဘုရင် ဗေလရှာဇာသည် ဒံယေလ၏ဉာဏ်ပညာသည် ဘုရားသခင်ထံမှဖြစ်ကြောင်း အသိအမှတ်ပြုခဲ့သည်။ သုတ္တံ ၂:၆ တွင် ဉာဏ်ပညာရှိသမျှသည် ဘုရားသခင်ထံမှဖြစ်သည်ဟု ဖတ်ရသည်။ အလားတူ၊ ထွက်မြောက်ရာ ၃၁:၃ အရ၊ လက်မှုပညာသည်များဖြစ်သော ဗေဇလေလနှင့် အဟောလိဘတို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသောကြောင့် လက်မှုပညာကို ကောင်းစွာလုပ်ဆောင်ခဲ့ကြသည်။ ဤကျမ်းပိုဒ်များနှင့် အလားတူသော အခြားကျမ်းပိုဒ်များသည် ကျွန်ုပ်တို့အား ဝိညာဉ်တော်၏အလင်းပေးခြင်းသည် အထူးဖွင့်လှစ်ဖော်ပြခြင်းအတွက်သာမက

ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းအတွက်လည်း လိုအပ်ကြောင်း သွန်သင်ပေးသည်။ John Calvin ၏ *Institutes of the Christian Religion* စာအုပ် ၂၊ အခန်း ၂ တွင် သူပြောသည်ကို နားထောင်ပါ_ ဤတွင် သူသည် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းတွင် သမ္မာတရားကို လူတို့ရှာဖွေတွေ့ရှိခြင်းသည် ဝိညာဉ်တော်၏ လုပ်ဆောင်ပေးမှုဖြစ်ကြောင်း မိန့်တော်မူခဲ့သည်_

> လောကစာရေးဆရာများတွင် ဤအကြောင်းအရာများကို တွေ့ကြုံရသည့် အခါတိုင်း၊ ၎င်းတို့ထဲတွင် ထွန်းလင်းတောက်ပစေသော၊ ကြည်ညိုဖွယ်ကောင်း သည့် သမ္မာတရားအလင်းမှ၊ လူ့သားစိတ်နှလုံးသည် အလုံးစုံပျက်စီးသွားသော် လည်း၊ ဘုရားသခင်၏ ထူးမြတ်သောဆုကျေးဇူးတော်များဖြင့် တန်ဆာဆင်ထား ကြောင်း သွန်သင်ပေးစေတော်မူပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ဝိညာဉ်တော် ကိုသမ္မာတရား၏ တစ်ခုတည်းသောစမ်းရေတွင်းအဖြစ် မှတ်ယူပါက၊ ကျွန်ုပ်တို့ သည်သမ္မာတရားကို ကိုယ်တိုင် ငြင်းပယ်ခြင်း မပြုရ၊ ထို့ပြင် မည်သည့်နေရာ၌မ ဆိုဘုရားသခင်၏ဝိညာဉ်တော်ကို မထီမဲ့မြင်မပြုရပါ...သို့သော် ရူပဗေဒ၊ ယုတ္တိ ဗေဒ၊ သင်္ချာပညာနှင့် အခြားသောဆုံးမပဲ့ပြင်ခြင်းပညာရပ်များတွင် ဘုရားမဲ့သူ များ၏အလုပ်နှင့် ဓမ္မအမှုအားဖြင့် သခင်ဘုရားအလိုတော် ရှိလျှင် ဤအကူအညီ ကိုအသုံးပြုကြပါစို့။

Calvin ရှင်းပြသည့်အတိုင်း၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် ယုံကြည်သူများနှင့် မယုံကြည်သူ များကို ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းသမ္မာတရားကို သွန်သင်ပေးသည်။ သူသည် "သမ္မာတရား၏ တစ်ခု တည်းသောစမ်းရေတွင်း" ဖြစ်သည်။ ထို့ကြောင့်၊ ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းနှင့်ဆက်နွယ်သော အကြောင်းအရာများနှင့် ခရစ်ယာန်ဓမ္မပညာကို တည်ဆောက်ရန် ကြိုးစားခြင်းသည် ဇာတိပကတိ၏ တန်ခိုး၌ ကယ်တင်ခြင်းကိုရှာဖွေခြင်းကဲ့သို့ မိုက်မဲခြင်းပင်ဖြစ်သည်။

ဤအရာအားလုံးသည် ဘုရားသခင်၏ဖွင့်လှစ်ဖော်ပြခြင်းမှ ဓမ္မပညာကို ကောင်းစွာရရှိလာခြင်း သည် အလိုအလျောက် ဖြစ်ပေါ်လာသည့် အရာမဟုတ်ကြောင်း၊ သို့မဟုတ် သင်နှင့် ကျွန်ုပ်တို့၏ ကိုယ်ပိုင်အစွမ်းသတ္တိဖြင့် လုပ်ဆောင်နိုင်သည့် အရာများ မဟုတ်ကြောင်း ဆိုလိုသည်။ မှန်ကန်စွာ လုပ်ဆောင်သောအခါ၊ ဖွင့်လှစ်ဖော်ပြခြင်းကို နားလည်ခြင်းသည် ကျွန်ုပ်တို့၏ သဘာဝစွမ်းရည်များ၏ ကန့်သတ်ချက်များအတွင်းသို့ အစဉ်ကျရောက်နေသည့် နှိမ့်ချခြင်း၊ ဘာသာရေးအတွေ့အကြုံတစ်ခုဖြစ် ပြီး၊ ဘုရားသခင်၏ ဝိညာဉ်တော်အပေါ် ကျွန်ုပ်တို့၏ မှီခိုအားထားမှုကို အသစ်ပြန်လည်တွေ့ရှိရန် မိမိ ကိုယ်ကို ရှာဖွေခြင်းဖြစ်သည်။

> ထို့ကြောင့် Calvin သည် မည်သည့်နေရာ၌မဆို သမ္မာတရားကို မထီမဲ့မြင်မပြု ခြင်းအကြောင်းပြောသောအခါ၊ သူပြောနေသည့်ဆက်စပ်အကြောင်းအရာကို မှတ်သားထားရန် အရေးကြီးသည်...၎င်းကို ပြောရခြင်း၏ရည်ရွယ်ချက်မှာ လူသားမျိုးနွယ်သည် သမ္မာတရားကို ရှာဖွေရန်ပင်ကိုသဘောရှိနေခြင်း ဖြစ်သည်။ ဥပမာအားဖြင့်၊ ဤသည်မှာ ကျွန်ုပ်တို့အား တိရစ္ဆာန်များနှင့် ကွဲပြားစေသောအ

ရာများထဲမှ တစ်ခုဖြစ်ပြီး၊ ကျွန်ုပ်တို့သည် သမ္မာတရားကိုရှာဖွေရန် မွေးရာပါ စိတ်ဆန္ဒရှိခြင်းပင်ဖြစ်သည်။ ထို့ကြောင့်၊ သမ္မာတရားအားလုံး၏ အရင်းခံဖြစ်တော်မူသော ဘုရားသခင်သည် သူ၏လူသားများမှတစ်ဆင့် သမ္မာတရားကို မိန့်တော်မူသည်။ သို့သော် ၎င်းကိုကိုယ်တော်နှင့် သက်ဆိုင်သောနည်းလမ်းနှင့်သာ လုပ်ဆောင်တော်မူသည်။ ကျွန်ုပ်တို့နှင့် မသက်ဆိုင်ပါ။ သမ္မာတရားသည် လူသား၌မတည်၊ ဘုရားသခင်၌သာတည်သည်...ထို့ကြောင့် Calvin သည် သမ္မာတရားကို မည်သည့်နေရာ၌တွေ့သည်ဖြစ်စေ မငြင်းပယ်ခြင်း သို့မဟုတ် ခရစ်ယာန်အသိုင်းအဝိုင်း၏ အပြင်ဘက်တွင် ရှိနေပါကရှုံ့ချပြောဆိုခြင်းမျိုး မပြုပါ။ သမ္မာတရားသည် နောက်ဆုံးတွင် ဘုရားသခင်ထံမှဖြစ်ပြီး လူသား၏ပံ့ပိုးကူညီမှုတစ်မျိုးမျိုးမှ ထွက်ပေါ်လာခြင်းမဟုတ်ကြောင်း အသိအမှတ်ပြုခြင်းဖြစ်သည်ဟု ထင်ပါသည်။

**ဒေါက်တာ Scott Manor**

အပြစ်၏တားဆီးလုပ်ဆောင်မှုနှင့် ယေဘူယျနှင့် အထူးဖွင့်လှစ်ဖော်ပြခြင်းတို့ကို ကျွန်ုပ်တို့၏နားလည်သဘောပေါက်ခြင်း၌ သန့်ရှင်းသောဝိညာဉ်တော်၏အလင်းပေးခြင်းသည် ကျွန်ုပ်တို့၏ဓမ္မပညာဖန်တီးခြင်းလုပ်ငန်းစဉ်တွင် အချို့သောရလဒ်များကို မျှော်လင့်ရန် ပြင်ဆင်ပေးသည်။ မကြာခဏ အပြစ်နှင့် ဝိညာဉ်တော်ကြား တင်းမာမှုသည် အထူးဖွင့်လှစ်ဖော်ပြခြင်းနှင့် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းကို ရှာဖွေခြင်းများနှင့်ပတ်သက်၍ မကိုက်ညီသည့် အခြေအနေများကို ရင်ဆိုင်ရစေသည်။

# ရလဒ်များ

ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းအကြောင်းကျမ်းစာသွန်သင်ချက်အားလုံးကို ကျွန်ုပ်တို့ အလွယ်တကူနားလည်သဘောပေါက်သရွေ့ ဓမ္မပညာတည်ဆောက်ခြင်းသည် အလွန်ရိုးရှင်းပါသည်။ ရှေးဟောင်းသုတေသနဆိုင်ရာ အထောက်အထားများ ထောက်ခံနေသရွေ့ သမ္မာကျမ်းစာ၏သမိုင်းမှတ်တမ်းသည် မှန်ကန်ကြောင်း ယုံကြည်ရန် မခက်ခဲပါ။ ကျွန်ုပ်တို့၏ယဉ်ကျေးမှုများဆိုင်ရာ ကျင့်ဝတ်ညီညွတ်နေသရွေ့ သမ္မာကျမ်းစာတွင် သွန်သင်ထားသော အမူအကျင့်စံနှုန်းများကို ထိန်းသိမ်းရန် မခဲယဉ်းပါ။ ကျွန်ုပ်တို့၏ နေ့စဉ်အတွေ့အကြုံများနှင့် အလွယ်တကူကိုက်ညီနေသရွေ့ စိတ်ခံစားချက်များနှင့်ပတ်သက်၍ သမ္မာကျမ်းစာသွန်သင်ချက်ကို ကျွန်ုပ်တို့ အလွယ်တကူအတည်ပြုနိုင်ကြသည်။ သို့သော် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဘဝအတွေ့အကြုံနှင့်ဆန့်ကျင်ပုံရသောအရာကို သမ္မာကျမ်းစာထဲမှ အရာတစ်ခုကိုဖတ်ရာတွင် တွေ့ရှိရသည်။ ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည့်အတိုင်း၊ ခရစ်တော်၏နောက်လိုက်များသည် ဘုရားသခင်၏ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းနှင့် အထူးဖွင့်လှစ်ဖော်ပြခြင်းများပေါ်တွင် ဓမ္မပညာကို တည်ဆောက်ရမည်ဖြစ်သည်။ သို့ဖြစ်ပါက တစ်ဦးနှင့်တစ်ဦး သဟဇာတမဖြစ်သောအခါ မည်သို့လုပ်သင့်သနည်း။

ပထမဦးစွာ၊ ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းနှင့် အထူးဖွင့်လှစ်ဖော်ပြခြင်းသည် အမှန်တကယ်ဆန့်ကျင်ဘက်မဟုတ်ကြောင်း ခိုင်မာသောခံယူချက်ထားသင့်သည်။ ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းနှင့်

အထူးဖွင့်လှစ်ဖော်ပြခြင်းနှစ်ခုလုံးတွင်၊ တူညီသောဘုရားသခင် မိန့်တော်မူသည်—သူသည်မုသာစကား ကို မဆိုနိုင်သောကြောင့် အမှန်အတိုင်းသာပြောသော ဘုရားသခင်ဖြစ်သည်။ ထို့အပြင်၊ သမ္မာကျမ်းစာ တွင် ဖော်ပြသောအရာများနှင့် ဖန်ဆင်းခြင်းတွင် ဖော်ပြသောအရာကို ပြန်လည်ပေါင်းစည်းရန် ဘုရားသ ခင်သည် အခက်အခဲမရှိကြောင်းကိုလည်း ကျွန်ုပ်တို့ နားလည်သဘောပေါက်သင့်သည်။ ဤဖွင့်လှစ် ဖော်ပြခြင်းအရင်းအမြစ်နှစ်ခုသည် ကျွန်ုပ်တို့ထံ မည်သို့ပင်ကွဲပြားစေကာမူ၊ ကျွန်ုပ်တို့သည် ဘုရားသခင် ၏ရှုထောင့်မှ သိကြပြီး၊ ထို့ကြောင့် လက်တွေ့တွင် ၎င်းတို့နှစ်ခုလုံးသည် စစ်မှန်ပြီး အလွန်သဟဇာတ ဖြစ်ကြောင်း ကျွန်ုပ်တို့သိကြသည်။

ဒုတိယအနေဖြင့်၊ အထူးဖွင့်လှစ်ဖော်ပြခြင်းနှင့် ယေဘူယျ ဖွင့်လှစ်ဖော်ပြခြင်းမှ ကျွန်ုပ်တို့ သိသောအရာသည် ဖွင့်လှစ်ဖော်ပြခြင်းနှင့် မသက်ဆိုင်ဘဲ၊ ဖွင့်လှစ်ဖော်ပြခြင်းအပေါ် ကျွန်ုပ်တို့၏ နားလည်မှုဖြင့်သာ သက်ဆိုင်ကြောင်း သတိရရပါမည်။ ဤသိနားလည်မှုများသည် အမြဲပင် ပြီးပြည့်စုံ မှုမရှိ။ ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းနှင့် အထူးဖွင့်လှစ်ဖော်ပြခြင်းနှစ်ခုလုံးသည် ဘုရားသခင်ထံမှဖြစ် သောကြောင့် အမှန်တကယ် ကွဲလွဲခြင်းမရှိသော်လည်း ၎င်းတို့ကို ကျွန်ုပ်တို့၏နားလည်မှုသည် ကျွန်ုပ်တို့ ထံမှဖြစ်သောကြောင့် ကွဲလွဲနိုင်သည်။

အထူးဖွင့်လှစ်ဖော်ပြခြင်းနှင့် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းကြားတွင် ထင်ရှားသော ကွဲလွဲမှုများ ကြုံတွေ့ရသောအခါ၊ အခြေအနေကို အကဲဖြတ်ရန် အဓိကနည်းလမ်း လေးခုရှိသည်။ ဦးစွာ၊ အထူးဖွင့် လှစ်ဖော်ပြခြင်းကို နားလည်မှုလွဲခြင်းနှင့် သမ္မာကျမ်းစာကို ငြင်းပယ်ခြင်းမရှိဘဲ သမ္မာကျမ်းစာ၏ အနက်ဖွင့်ဆိုချက်ကို ပြောင်းလဲရမည်ဆိုသည်မှာ အမြဲဖြစ်နိုင်ပါသည်။

ဒုတိယ၊ ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းအား နားလည်မှုလွဲခြင်းကြောင့် ပဋိပက္ခများ ဖြစ်ပေါ်လာ နိုင်သည်။ မကြာခဏ၊ ကျွန်ုပ်တို့သည် ကျမ်းစာအားဖြင့် ပြုပြင်ရမည့် အတွေ့အကြုံထံမှ ကောက်ချက်ချ ကြသည်။

တတိယ၊ ကျွန်ုပ်တို့သည် အထူးဖွင့်လှစ်ဖော်ပြခြင်းနှင့် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းနှစ်ခုလုံးကို နားလည်မှုလွဲခဲ့ပေမည်။ ကျွန်ုပ်တို့၏လောကအတွေ့အကြုံများသည် သမ္မာကျမ်းစာသွန်သင်ချက်နှင့် မကိုက်ညီမှုများ အမြဲတမ်းဖြစ်နိုင်ချေရှိသည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို မှန်ကန်စွာ နားလည်ရန် ပျက်ကွက်ခဲ့ပြီး ကျွန်ုပ်တို့၏အတွေ့အကြုံများကို မှန်ကန်စွာအကဲဖြတ်ရန် ပျက်ကွက်သော ကြောင့်ဖြစ်သည်။

စတုတ္ထ၊ ကျွန်ုပ်တို့သည် လူသားများ နားလည်နိုင်စွမ်းထက်ကျော်လွန်သော လျှို့ဝှက်ဆန်းကြယ်မှု ကို ကြုံတွေ့ခဲ့ရပေမည်။ ဥပမာ၊ သုံးပါးတစ်ဆူကို စဉ်းစားကြည့်ပါ။ ကျွန်ုပ်တို့၏ ယေဘူယျ ဖွင့်လှစ်ဖော် ပြခြင်းအတွေ့အကြုံသည် ပုဂ္ဂိုလ်သုံးပါးကို တစ်ဦးတည်းဖြစ်ရန် မမျှော်လင့်ထားပါ။ သို့တိုင်၊ ဤအရာ သည် ဘုရားသခင်နှင့်ပတ်သက်၍ ကျွန်ုပ်တို့အား သမ္မာကျမ်းစာသွန်သင်ပေးသည့်အရာဖြစ်သည်။ ဤ အမြင်နှစ်ခုကို မည်သို့ပြန်လည်ညှိနှိုင်းနိုင်သနည်း။ ကျွန်ုပ်တို့ မလုပ်နိုင်ပါ။ သုံးပါးတစ်ဆူအယူဝါဒသည် ကျွန်ုပ်တို့လက်လှမ်းမမီနိုင်သော နက်နဲသောအရာတစ်ခုဖြစ်သည်။

ယခု၊ လက်တွေ့ကျသောအကြောင်းအရာတစ်ခုအနေဖြင့်၊ ဤအခြေအနေလေးမျိုးမှ မည်သည့် အခြေအနေအား ကျွန်ုပ်တို့အစဉ်ကြုံတွေ့နေရသည်ကို မပြောနိုင်ပါ။ အကြိမ်များစွာ၊ ကျွန်ုပ်တို့သည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သက်သေပြရန် ဆန္ဒရှိသည့်နေရာပေါ်တွင် အခြေခံ၍ လုပ်ဆောင်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာအနက်ပြန်ဆိုခြင်း သို့မဟုတ် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းအားအဓိပ္ပာယ်ဖွင့်ဆိုချက်စသည့် မည်သည့်အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် သက်သေပြရန် ဆန္ဒပို၍ရှိသင့်သနည်း။ ခရစ်ယာန်များသည် ဤကိစ္စနှင့်ပတ်သက်၍ မတူညီသောလမ်းကြောင်းများ၌ သွားနေကြသည်။

တစ်ဖက်တွင်၊ လစ်ဘရယ်ခရစ်ယာန်များသည် သမ္မာကျမ်းစာကိုနားလည်ခြင်းထက် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းကို ပို၍လွယ်ကူစွာနားလည်သဘောပေါက် လက်ခံကြသည်။ သို့သော် ရှေးရိုးခရစ်ယာန်များသည် ပဋိပက္ခတစ်ခု ပေါ်ပေါက်လာသောအခါ ယေဘူယျ ဖွင့်လှစ်ဖော်ပြခြင်းထက် အထူးဖွင့်လှစ်ဖော်ပြခြင်းကို နားလည်လက်ခံကြပါသည်။

ဒုတိယနည်းဗျူဟာသည် ဉာဏ်ပညာ၏ ပိုမိုကောင်းမွန်သောအပိုင်းဖြစ်သည်။ ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းအပေါ် ကျွန်ုပ်တို့၏ထင်မြင်ယူဆချက်သက်သေအထောက်အထားများ စုံလင်မှုမရှိပါက၊ ကျွန်ုပ်တို့သည် သွန်သင်ရန်အတွက် သမ္မာကျမ်းစာကို နားလည်သည့်အတိုင်း လိုက်နာသင့်သည်။ ခရစ်တော်နှင့် တမန်တော်များသည် ကျွန်ုပ်တို့၏အသက်တာကို နားလည်သဘောပေါက်ရန် လမ်းပြအဖြစ် သမ္မာကျမ်းစာကိုသဘောထားခဲ့ကြသည်။ ထို့ကြောင့် သိသာထင်ရှားသော ပဋိပက္ခများပေါ်လာသည့်အခါ သူတို့ကို နာခံရန် အဆင်သင့်ဖြစ်နေရမည်။

> ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းနှင့် အထူးဖွင့်လှစ်ဖော်ပြခြင်းကြား ထင်ရှားသည့် ကွဲလွဲမှုများကို တွေ့မြင်ချိန်တိုင်း ဖြစ်နိုင်သည့်ဖြေရှင်းချက်သုံးခုကို စဉ်းစားခြင်းသည် အထောက်အကူဖြစ်သည်ကို တွေ့ရှိခဲ့ရသည်။ ပထမအချက်မှာ ကျွန်ုပ်တို့သည် ယေဘုယျဖွင့်လှစ်ဖော်ပြခြင်းများကို လုံလောက်စွာနားမလည်သောကြောင့်ဖြစ်သည်။ သိပ္ပံပညာ၊ သမိုင်း၊ ရှေးဟောင်းသုတေသန၊ အမျိုးမျိုးသော ပညာရပ်များကို လေ့လာရာတွင် ဤအရာသည် အလွန်အဖြစ်များပါသည်။ အချိန်ကြာလာသည်နှင့်အမျှ၊ ယခင်အယူအဆများ သို့မဟုတ် သမ္မာတရားအတွက် လက်ခံထားသည့်အရာများသည် မှားယွင်းနေကြောင်း တွေ့ရှိလာရတတ်သည်။ ၎င်းသည် အချိန်တိုင်း ဖြစ်ပျက်နေသည်။ အချိန်အတန်စောင့်ရုံနှင့် ၎င်းကို သင်သိလာမည်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာလောကအပေါ် ကျွန်ုပ်တို့၏အမြင်သဘောထားသည် တစ်စိတ်တစ်ပိုင်းမျှသာဖြစ်ကြောင်း သိပါသည်...ကျွန်ုပ်တို့၏ သမ္မာကျမ်းစာအဓိပ္ပာယ်ဖွင့်ဆိုချက် မကြာခဏပျောက်သွားနိုင်သည်။ နားလည်မှုလွဲနိုင်သည်။ အမှန်ဆိုရလျှင်၊ ကျွန်ုပ်တို့ လုပ်လေ့ရှိကြသည်။ ၎င်းသည်လည်း ဖြစ်နိုင်သည့် အဖြေတစ်ခုဖြစ်သည်။ ထို့နောက် ၎င်းတွင် တတိယရွေးချယ်စရာတစ်ခုရှိသည်။ နှစ်ခုလုံး၏ပေါင်းစပ်ထားမှုတစ်ခုရှိသည်။ ဆိုလိုသည်မှာ၊ ကျွန်ုပ်တို့သည် ယေဘူယျ ဖွင့်လှစ်ဖော်ပြခြင်းကို လုံလောက်စွာ နားမလည်ပါ။ တစ်ချိန်တည်းတွင် သမ္မာကျမ်းစာသမ္မာတရားကို နယ်ပယ်တစ်ခုတွင်အပြည့်အဝ နားမလည်နိုင်ပါ။ ထို့ကြောင့် တစ်ခါတရံ သိသာထင်ရှားသည့် ဆန့်ကျင်ဘက်ဖြစ်မှုများကိုဖြေရှင်းရန် ကြိုးစားရင်းဖြင့် တစ်ချိန်တည်းတွင်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျမ်းစာ၏မှားယွင်းမှုမရှိခြင်းကို သက်သေပြနိုင်စေရန်အတွက် ၎င်းသည် အထောက်အကူဖြစ်စေမည့် နည်းလမ်းတစ်ခုဟု ထင်ပါသည်။

**— Rev. Hutch Garmany**

၂တိမောသေ ၃း၁၆-၁၇တွင် ပေါလုပြောခဲ့သည့်အတိုင်း_

ထိုကျမ်းစာရှိသမျှသည် ဘုရားသခင် မှုတ်သွင်းတော်မူသော အားဖြင့်ဖြစ်၍၊ ဘုရားသခင်၏ လူသည်စုံလင်သောသူ၊ ကောင်းသော အမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလိုငှါ ပြင်ဆင်သောသူ ဖြစ်မည်အကြောင်း (၂တိမောသေ ၃း၁၆-၁၇)။

ဒုတိယတိမောသေ ၃:၁၆ နှင့် သမ္မာကျမ်းစာ၏ အစိတ်အပိုင်းများတွင် သင်တွေ့ရှိရသောအရာများနှင့် အောက်ပါတို့သည် အလွန်ကိုက်ညီပါသည်။ ဥပမာ၊ အပ်နှံခြင်းခံရသောညတွင်၊ သခင်ယေရှုသည် ခမည်းတော်ထံ ဆုတောင်းခဲ့သည်– “ကိုယ်တော်၏ [သမ္မာတရား]အားဖြင့် ထိုသူတို့ကို သန့်ရှင်းစေပါ။ ကိုယ်တော်၏နှုတ်ကပတ်တော်သည် သမ္မာတရားဖြစ်ပါ၏။" တစ်နည်းဆိုရသော်၊ သန့်ရှင်းခြင်းအတွက် ယုံကြည်သူများလိုအပ်သောအရာသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သည်။ ထို့ကြောင့်၊ သမ္မာကျမ်းစာအားလုံးသည် အမှန်တကယ် ဘုရားသခင်မှုတ်သွင်းထားကြောင်း ဤနေရာတွင် ကျွန်ုပ်တို့အား သတိပေးနေသည်။ ၎င်းကို ဘုရားသခင်မှုတ်သွင်းထားသည်။ သို့သော်၎င်းသည် အကြမ်းဖျင်းအချက်သက်သက်တစ်ခုမျှသာ မဟုတ်။ ၎င်းနှင့်ဆက်စပ်နေသည့် ရည်ရွယ်ချက်တစ်ခုရှိသည်။ ဘုရားသခင်မှုတ်သွင်းထားသောကြောင့် အရာအမျိုးမျိုးကို လုပ်ဆောင်ရန်အသုံးဝင်သည်—ခရစ်ယာန်များ လမ်းလွဲသွားသည့်အခါ တည့်မတ်ရန်၊ အမှန်တကယ် နောင်တရလိုသည့်အခါ ဆုံးမရန်၊ ကျွန်ုပ်တို့အတွင်း၌ ဖြောင့်မတ်ခြင်းကို ဖြစ်ဖွားစေသော ဘုရားသခင်၏ စိတ်သဘောထားအားလုံးကို သွန်သင်ပေးရန် အစရှိသည်ဖြင့် ဖြစ်သည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့၏ဘဝပုံစံနှင့် အတွေးအမြင်၊ ဦးစားပေးမှုများ၊ အမူအကျင့်၊ ကျင့်ဝတ်နှင့် ယုံကြည်ချက်စနစ်များ၊ လောကအမြင်နှင့် အခြားအရာများအားလုံးသည် နောက်ဆုံးတွင် ဝိညာဉ်တော်အားဖြင့် ဘုရားသခင်၏နှုတ်ကပတ်တော်မှ လာပါသည်။ ဤဝိညာဉ်တော်မှုတ်သွင်းထားသောနှုတ်ကပတ်တော်၊ ဤဘုရားသခင်မှုတ်သွင်းထားသော နှုတ်ကပတ်တော်အား ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား ပုံသွင်းရန်နှင့် ခရစ်တော်နှင့် ပိုမိုတူညီမှုတည်ဆောက်ပေးရန် အသုံးပြုပါသည်။

**ဒေါက်တာ D. A. Carson**

သို့သော် တစ်ချိန်တည်းမှာပင်၊ ကျွန်ုပ်တို့၏ သမ္မာကျမ်းစာသိနားလည်မှုသည် အပြစ်ကြောင့် ချို့ယွင်းနေသောကြောင့်၊ ပြဿနာများကို အကြိမ်ကြိမ်ပြန်လည်သုံးသပ်ရန် လိုအပ်နိုင်သည်ကိုလည်း အချိန်နှင့်တစ်ပြေးညီ အမြဲသိနေရမည်ဖြစ်သည်။ ခေတ်ကာလတစ်လျှောက် သစ္စာရှိယုံကြည်သူများ၏ အလေ့အကျင့်သည် သမ္မာကျမ်းစာသွန်သင်ချက်များကို သူတို့ယုံကြည်သည့်အရာနှင့်စပ်လျဉ်း၍ သူတို့၏စီရင်ချက်များကို ထုတ်ဖော်ပြောဆိုရန်ဖြစ်ပြီး၊ သမ္မာကျမ်းစာအပေါ် ၎င်းတို့၏မှားယွင်းသော သိနားလည်မှုများအား ပြုပြင်ရန် လိုအပ်ကြောင်းကို သိရှိထားဆဲဖြစ်သည်။ ဤဉာဏ်ပညာနှင့် ဆက်ကပ်နာခံပုံနည်းလမ်းသည် သမ္မာကျမ်းစာသွန်သင်ချက်မှ စိတ်ရင်းမှန်ဖြင့်ဓမ္မပညာကို တည်ဆောက်ရန် ကျွန်ုပ်တို့ကိုတောင်းဆိုထားသည်။

ကျွန်ုပ်တို့မြင်တွေ့ခဲ့သည့်အတိုင်း၊ ဓမ္မပညာဖွံ့ဖြိုးတိုးတက်ရန် ဖွင့်လှစ်ဖော်ပြခြင်းအပေါ် မှီခိုကိုးစားခြင်းသည် အပြစ်နှင့် ဝိညာဉ်တော်၏ လုပ်ဆောင်မှုကြောင့် ဖြစ်ပေါ်လာသော အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။ ဖွင့်လှစ်ဖော်ပြခြင်းကို ရှာဖွေခြင်းနှင့် ဖွင့်လှစ်ဖော်ပြခြင်းအား နားလည်ခြင်းနှစ်ခုလုံးတွင်ပါဝင်သော ရှုပ်ထွေးမှုများသည် တတိယအဓိကအကြောင်းအရာဆီသို့ ဦးတည်စေသည့်_အတားအဆီးများစွာကိုရင်ဆိုင်ရသောအခါ ကျွန်ုပ်တို့၏ဓမ္မပညာဆိုင်ရာရပ်တည်ချက်များအပေါ် ယုံကြည်စိတ်ချမှု တိုးပွားစေသည်။

# ယုံကြည်စိတ်ချမှု တိုးပွားခြင်း

တစ်ချိန်မဟုတ်တစ်ချိန်တွင်၊ မိမိတို့ယုံကြည်သည့်အရာများကို အလွန်အမင်းယုံကြည်စိတ်ချလွန်းသော ဓမ္မပညာရှင်များနှင့် ကျွန်ုပ်တို့တွေ့ဆုံခဲ့ဖူးကြသည်။ ၎င်းတို့သည် ဓမ္မပညာဆိုင်ရာထင်မြင်ယူဆချက်ကို သူတို့နားလည်သည့်အတိုင်း ပြုမူကြသည်။ သူတို့၌ မေးခွန်းတိုင်းအတွက် အဖြေများရှိပြီး၊ သူတို့၏အဖြေများသည် သံသယဖြစ်စရာမရှိဟု ထင်ကြသည်။ တစ်ဖန်၊ ကျွန်ုပ်တို့သည် မိမိတို့ယုံကြည်သည့်အရာများကို အလွန်အမင်းယုံကြည်စိတ်ချမှုနည်းပါးသော ဓမ္မပညာရှင်များနှင့်လည်း တွေ့ဆုံခဲ့ကြပါသည်။ သူတို့သည် ဓမ္မပညာ၏ ရှုပ်ထွေးမှုများကို သိနားလည်ကြပြီး မေးခွန်းများစွာကို “ကျွန်ုပ်မသိဘူး” ဟူ၍ ဖြေဆိုတတ်ကြသည်။ ထိုကဲ့သို့သောသူများသည် အစွန်းရောက်မှုကို ကိုယ်စားပြုကြသည်။ သို့သော် ဤအစွန်းရောက်မှုများသည် ကျွန်ုပ်တို့၏ဓမ္မပညာကို တည်ဆောက်ရာတွင် အရေးကြီးသော မေးခွန်းအချို့ကို ပေါ်ပေါက်စေသည်။ ကျွန်ုပ်တို့ ယုံကြည်သောအရာနှင့်ပတ်သက်၍ ကျွန်ုပ်တို့မည်မျှ ယုံကြည်စိတ်ချသင့်သနည်း။ ဤအကြောင်းအရာများ၌ မျှတမှု တစ်စုံတစ်ရာရလာရန် နည်းလမ်းရှိပါသလား။

ဓမ္မပညာအပေါ် ယုံကြည်စိတ်ချမှုတိုးပွားခြင်းကို လေ့လာရန် အချက်သုံးချက်ကို သုံးသပ်ပါမည်။ ဦးစွာ၊ ဓမ္မပညာဆိုင်ရာရပ်တည်ချက်များတွင် ယုံကြည်စိတ်ချမှု၌ တူညီသောအရည်အသွေးတစ်ခုရှိသည်ကို မြင်ရပါမည်။ ဒုတိယ၊ ကြည်ညိုလေးစားမှုလုပ်ငန်းစဉ်တစ်ခုမှ ယုံကြည်စိတ်ချမှုမည်ကဲ့သို့ ထွက်ပေါ်လာသည်ကို လေ့လာပါမည်။ တတိယ၊ မတူညီသော ဓမ္မပညာဆိုင်ရာအကြောင်းအရာများတွင် ကျွန်ုပ်တို့



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

၏ယုံကြည်စိတ်ချမှုအဆင့်၏ သင့်လျော်သောချိန်ညှိမှုကို မည်သို့တည်ဆောက်သင့်သည်ကို ဆန်းစစ်ပါမည်။ ဓမ္မပညာဆိုင်ရာရပ်တည်ချက်များတွင် ယုံကြည်စိတ်ချမှု၌ တူညီသောအရည်အသွေးတစ်ခုရှိသည်ဟူသော အယူအဆကို ဦးစွာကြည့်ကြပါစို့။

# တူညီသောအရည်အသွေး

ဓမ္မပညာဆိုင်ရာရပ်တည်ချက်များတွင်ယုံကြည်စိတ်ချခြင်း၏ တူညီသောအရည်အသွေးတစ်ခုဟူသည် မည်သည်ကိုဆိုလိုကြောင်းနားလည်ရန်၊ငင်းသည် တူညီမှုတစ်ခုရရန် ကူညီပေးသည်။ အဖွင့်-အပိတ်ပြုသည့် မီးခလုတ်တစ်ခုကို စဉ်းစားကြည့်ပါ။ ဤခလုတ်မျိုးသည် ဇဝေဇဝါယုံကြည်သူများစွာတို့သည် ၎င်းတို့၏ယုံကြည်ချက်များနှင့်ပတ်သက်၍ စဉ်းစားပုံနှင့် ဆင်တူသည်။ သူတို့သိသောအရာနှင့် မသိသောအရာများကို ရိုးရှင်းစွာ တွေးလေ့ရှိသည်။ “ခရစ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်သည်ကို ကျွန်ုပ်သိပါသည်။ “ဘုရားသခင်သည် သုံးပါးတစ်ဆူဖြစ်သည်ကို ကျွန်ုပ်သိပါသည်။" ဤအတည်ပြုချက်များသည် ခိုင်မာသောယုံကြည်ချက်များဖြစ်သည်။ သို့တိုင်၊ ဇဝေဇဝါယုံကြည်သူများသည် သူတို့မသိသော သို့မဟုတ် မသိနိုင်ဟုယူဆသည့်အရာများ၏စာရင်း ရှိကြသည်။ “ကောင်းမြတ်သောဘုရားသခင်သည် မကောင်းမှုကို မည်ကဲ့သို့ ခွင့်ပြုသည်မသိ။” “ခရစ်တော် မည်သည့်အချိန် ပြန်ကြွလာမည်မသိ။” ဤသို့သော ပြောဆိုချက်များသည် မည်သည့်အရာကို စဉ်းစားရမည်မသိကြောင်း ညွှန်ပြနေသည်။ ဤအကြောင်းအရာများနှင့်ပတ်သက်သည့် ရပ်တည်ချက်များကို ကျွန်ုပ်တို့ ယုံကြည်စိတ်ချမှုမရှိပါ။ ဓမ္မပညာဆိုင်ရာခံယူချက်များနှင့်ပတ်သက်၍ ဤချဉ်းကပ်နည်းသည် အခြေအနေများစွာတွင် လုံလောက်သည်။ “ဤအကြောင်းကို ကျွန်ုပ်သိသည်၊ သို့သော် ထိုအကြောင်းကိုမူ မသိ"ဟု ရိုးရှင်းစွာဆိုသည်။

သို့တိုင်၊ ကျွန်ုပ်တို့သည် ခရစ်ယာန်များအနေဖြင့် သိသောအရာနှင့် မသိသောအရာများအားလုံးကို ပိုမိုနီးကပ်စွာကြည့်သောအခါ၊ ဤပုံစံအကြံပြုထားသည်ထက် အခြေအနေသည် ပိုမိုရှုပ်ထွေးကြောင်း လျင်မြန်စွာတွေ့မြင်ရသည်။ ကျွန်ုပ်တို့အများစုသည် အောက်ခြေနိမ့်သော၊ ပိုမိုမြင့်မားသောနေရာများရှိ အလင်းရောင်မှိန် မီးခလုတ်နှင့် အကျွမ်းတဝင်ရှိကြသည်။ ဤခလုတ်မျိုးတွင်၊ လျှပ်စစ်စီးကြောင်းသည် ရိုးရိုးအဖွင့် သို့မဟုတ် အပိတ်သာမဟုတ်၊ ခလုတ်၏ အနေအထားပေါ် မူတည်၍ မီးအားအနည်းနှင့်အများ စီးဆင်းသည်။ လျှပ်စီးသည် အပြည့်အဝ ပိတ်ထား၊ ဖွင့်ထားသော်လည်း ကြားရှိအကွာအဝေးတစ်ခုလုံးသည်လည်း အရေးကြီးသည်။ အကြောင်းမှာ ၎င်းသည် မှိန်သောအလင်းရောင်မှ ပိုမိုတောက်ပသောအလင်းရောင်ကို ပေးစွမ်းသည်။ ကဏ္ဍများစွာတွင်၊ ဤတူညီသော မီးခလုတ်များသည် မတူညီသော ဓမ္မပညာဆိုင်ရာရပ်တည်ချက်များ၌ ကျွန်ုပ်တို့ရှိသင့်သော ယုံကြည်စိတ်ချမှုကို အကဲဖြတ်ရန်အတွက် အလွန်အသုံးဝင်သော စံနမူနာကို ပေးပါသည်။ ကျွန်ုပ်တို့သည် အချို့သောယုံကြည်ခြင်းများအပေါ်တွင် လွယ်လွယ်ယုံကြည်ချက်မထား၊ အခြားယုံကြည်ခြင်းများအပေါ်တွင် ယုံကြည်စိတ်ချမှုမရှိပါ။ ကျွန်ုပ်တို့သည် ဓမ္မပညာဆိုင်ရာ ရပ်တည်ချက်များတွင် အနည်းနှင့်အများ ယုံကြည်စိတ်ချမှု အမျိုးမျိုးရှိကြသည်။

ဓမ္မပညာပြင်ပမှ အကြောင်းအရာများနှင့်ပတ်သက်၍ ကျွန်ုပ်တို့စဉ်းစားတွေးခေါ် ပုံများကို သုံးသပ်ကြည့်ပါ။ လူသားတိုင်းသည် ယုံကြည်ချက်များစွာကို လက်ကိုင်ထားကြသည်။ ဥပမာ၊ ယနေ့ မိုးရွာမည်မဟုတ်ဟု သင်ယုံကြည်နိုင်သည်။ သင့်ထံ၌ အလုပ်ရှိသည်ဟုလည်း ယုံကြည်နိုင်ပါသည်။ ထို့ပြင်၊ သင်သည်မိဘတစ်ဦးဖြစ်ပါက သင့်ထံ၌ ကလေးရှိကြောင်းကိုအသေအချာ ယုံကြည်နိုင်ပါသည်။ ယခု၊ ဤအရာများအားလုံးကို သင့်အနေဖြင့် မှန်ကန်ကြောင်းယုံကြည်သည်ဟု ဆိုနိုင်သော်လည်း၊ ထိုယုံကြည်ချက်များကို တူညီသောယုံကြည်စိတ်ချမှုဖြင့် သင်မဆုပ်ကိုင်ထားနိုင်ပါ။

သင်၏ယုံကြည်စိတ်ချမှုအဆင့်ကို စမ်းသပ်ရန်နည်းလမ်းတစ်ခုမှာ ဤယုံကြည်ချက်တစ်ခုစီကို စွန့်လွှတ်ဖို့ရန် မည်မျှဖိအားပေးရမည်ကို မေးမြန်းခြင်းဖြစ်သည်။ ယနေ့ မိုးရွာမည်မဟုတ်ဟူသည့် သင့်ယုံကြည်ချက်ကို ပြောင်းလဲဖို့ရန် များစွာမလိုအပ်ပါ။ သင့်ခေါင်းပေါ်ကျလာသည့် မိုးရေစက်လေးများသည် သင်၏စိတ်ကို ချက်ချင်းပြောင်းလဲစေလိမ့်မည်။ မိုးရွာနိုင်ခြေ မြင့်မားသည်ဟု ခန့်မှန်းထားသည့် မိုးလေဝသသတင်းတစ်ပုဒ်သည် သင့်အား ထီးတစ်လက်ယူဆောင်စေပါလိမ့်မည်။ ထိုယုံကြည်ချက်အပေါ် သင်ယုံကြည်စိတ်ချမှု သိပ်မရှိပါ။

သို့သော် သင်သည်နေ့စဉ်အလုပ်သွားပါက၊ အလုပ်တစ်ခုရှိသည်ဟု သင်ယုံကြည်နိုင်ပါသည်။ ထိုယုံကြည်ချက်တွင် သင်သည် ကြီးမားစွာ နှစ်မြှုပ်ထားပါလိမ့်မည်။ သင့်စိတ်ပြောင်းဖို့ သတင်းတစ်ပုဒ် သို့မဟုတ် ဆောင်းပါးတစ်ခုထက်မက လိုအပ်ပါလိမ့်မည်။ သင့်အား အလုပ်မလုပ်ကြောင်းပြောသော စာတစ်စောင်ကို သင်သည်လက်ခံရရှိသော်လည်း၊ ထိုစာကို လူကိုယ်တိုင်သင့်ထံလာရောက် အတည်ပြု ပေးစေလိုပါလိမ့်မည်။

သို့သော် ဥပမာအားဖြင့် သင်သည် မိဘတစ်ဦးဖြစ်သည်ဟု စဉ်းစားကြည့်ပါ။ သင့်ထံ၌ ကလေးရှိကြောင်း ယုံကြည်နေခြင်းကို ရပ်တန့်ရန် မည်သို့ပြုနိုင်မည်နည်း။ ဤစာရင်းတွင်တွေ့ရသော အခြားအရာများထက်၊ ဤယုံကြည်ချက်အား အတည်ပြုနိုင်ရန် အရာများစွာရှိသည်။ သို့မဟုတ်လျှင် သင်ယုံကြည်လာစေရန် မယုံနိုင်စရာ သက်သေအထောက်အထားများစွာ လိုအပ်လိမ့်မည်။

ယခုအခါ သာမန်အတွေ့အကြုံအတွင်းရှိ မှန်ကန်သောကဏ္ဍများစွာသည် ဓမ္မပညာတွင်လည်း မှန်ကန်၍နေပါသည်။ ကျွန်ုပ်တို့၏ ဓမ္မပညာဆိုင်ရာ ယုံကြည်ချက်များကို ကျွန်ုပ်တို့သည် ယုံကြည်စိတ်ချမှုအမျိုးမျိုးဖြင့် ထိန်းသိမ်းထားကြသည်။ အစောပိုင်းသင်ခန်းစာတစ်ခုတွင် ကျွန်ုပ်တို့သည် ရှေးရိုးစွဲဝါဒ orthodoxy၊ မှန်ကန်သောအပြုအမူဆိုင်ရာ orthopraxis နှင့် မှန်ကန်သောခံစားမှု orthopathos တို့ကို များစွာသောအပြန်အလှန် ချိတ်ဆက်မှုပုံစံများအဖြစ် ပြောဆိုခဲ့သည်။ ဤအချိန်တွင် ကျွန်ုပ်တို့သည် ဤပုံစံကို အနည်းငယ်ချဲ့ထွင်ရန် လိုအပ်သည်။ ၎င်းသည် များစွာသောအပြန်အလှန် ချိတ်ဆက်မှုကို နယ်ပယ်တစ်ခုတွင်ဆိုင်းငံ့ထားသကဲ့သို့ စဉ်းစားရန် အထောက်အကူပေးသည်။ ဤနယ်ပယ်သည် ပိုင်းခြားထားပြီး ၎င်း၏အတွင်းပိုင်းကို ဖော်ထုတ်လိုက်သောအခါတွင်၊ ကျွန်ုပ်တို့၏ယုံကြည်ချက်များ ချိတ်ဆက်မှုသည် ဗဟိုတူအလွှာများဖြင့် စီစဉ်ထားကြောင်း တွေ့မြင်ရသည်။

အပြင်အလွှာတွင်၊ ကျွန်ုပ်တို့၏ယုံကြည်ချက်များကို လျော့ရဲရဲဖွဲ့စည်းထားသည်။ အပြင်အလွှာသည် ယုံကြည်ချက်ချိတ်ဆက်မှု၏အစွန်အဖျားတွင်ရှိသော ဓမ္မပညာဆိုင်ရာ ရပ်တည်ချက်များကို ကိုယ်စားပြုသည်။ ၎င်းတို့နှင့် ပတ်သက်၍ ကျွန်ုပ်တို့တွင် ယုံကြည်စိတ်ချမှုနည်းပါးပါသည်။ သူတို့အတွက်အနည်းငယ်သာလျှင် ကတိသစ္စာပြုထားသည်။ ဤယုံကြည်ချက်များ၏ဖွဲ့စည်းပုံများဆီသို့

ကျွန်ုပ်တို့ကိုယ်တိုင်အချိန်တိုင်းနီးပါး လွယ်ကူစွာ ပြောင်းလဲခြင်း၊ ဖယ်ရှားခြင်းနှင့် ပေါင်းထည့်နေသည်ကို တွေ့ရှိရသည်။

အလယ်ဗဟို သို့မဟုတ် နယ်ပယ်၏အဓိကတွင်၊ ကျွန်ုပ်တို့၏ယုံကြည်ချက်များချိတ်ဆက်မှုသည် ပေါင်းစည်းထားသည့် အစိုင်အခဲတစ်ခုနီးပါးဖြစ်ပုံပေါ်သည်။ ကျွန်ုပ်တို့၏ယုံကြည်ချက်ချိတ်ဆက်မှု၏ ဗဟိုချက်တွင်၊ ယုံကြည်စိတ်ချမှု မြင့်မားစွာကိုင်စွဲထားသော ကျွန်ုပ်တို့၏ ယုံကြည်ခြင်း၏ ဗဟိုဓမ္မပညာဆိုင်ရာဖွဲ့စည်းပုံများပါဝင်သည်။ ဤအဓိကယုံကြည်ချက်များကို ပြင်ဆင်ရန်၊ ဖယ်ရှားရန် သို့မဟုတ် ထည့်သွင်းရန် အလွန်ခက်ခဲသည်။ အကြောင်းမှာ ကျွန်ုပ်တို့လုပ်ဆောင်သည့်အခါ၊ ကျွန်ုပ်တို့ ယုံကြည်သောအရာအားလုံး၏အစိတ်အပိုင်းများကို ပြန်လည်ပုံဖော်ပေးမည့် သိသာထင်ရှားသည့်အကျိုးသက်ရောက်မှု ရှိသည်။

နောက်ဆုံးတွင်၊ အဓိကဗဟိုနှင့် အပြင်အလွှာကြားတွင် ယုံကြည်ချက်၏အထပ်ထပ် သို့မဟုတ် အနည်းအများ တင်းကျပ်စွာဖွဲ့စည်းထားသော ယုံကြည်ချက်ချိတ်ဆက်မှုအလွှာများဖြစ်သည်။ အလယ်ဗဟိုနှင့် ပိုနီးစပ်သော အလွှာများသည် ပိုမိုသိပ်သည်းစွာ ပုံဖော်ဖွဲ့စည်းထားပြီး ပြုပြင်ရန် ပိုမိုခက်ခဲသည်။ အလယ်ဗဟိုမှ အလွှာများသည် ဖွဲ့စည်းမှုသိပ်သည်းမှုနည်းပြီး ပြောင်းလဲရန်မခက်ခဲ။

> သမ္မာကျမ်းစာတွင် အမှန်တကယ်ရှင်းလင်းပြတ်သားပြီး သေချာသည့်အရာများနှင့် မသေချာသည့်အရာများကြားတွင် ခွဲခြားသိမြင်ရန် ကျွန်ုပ်တို့အတွက် အမှန်တကယ်အရေးကြီးပါသည်။ အကြောင်းမှာ သမ္မာကျမ်းစာသည် ထိုသို့ပြုလုပ်ခြင်းကြောင့်ဖြစ်သည်။ ခရစ်ဝင်ကျမ်းများ၊ ဩဝါဒစာစောင်များ၊ ဓမ္မသစ်ကျမ်း၏အစိတ်အပိုင်းတိုင်းတွင်၊ ယေရှုခရစ်သည် ကျွန်ုပ်တို့၏ကယ်တင်ရှင်ဖြစ်ပြီး ကျွန်ုပ်တို့၏သခင်၊ ဘုရားသခင်၏သားတော်၊ အပြည့်အဝဘုရားသခင်နှင့် အပြည့်အဝလူသားဖြစ်တော်မူသော ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ရှင်းလင်းထင်ရှားပါသည်။ သို့တိုင်၊ ထောင်စုနှစ်ကဲ့သို့သောအရာနှင့် ပတ်သက်လာသောအခါ၊ ကျွန်ုပ်တို့၏ နောက်ဆုံးသောကာလဆိုင်ရာအမြင်များသည် သမ္မာကျမ်းစာတွင် အနှစ်တစ်ထောင်နှင့်ပတ်သက်၍တစ်ကြိမ်သာ —ဗျာဒိတ်ကျမ်း ၂၀ တွင်ဖော်ပြထားသည်။ ထို့ကြောင့်၊ ဤခရစ်တော်၏ အနှစ်တစ်ထောင် အုပ်စိုးမှု၏ အဓိပ္ပါယ်နှင့် ပုံသဏ္ဍာန်နှင့်ပတ်သက်၍ ခရစ်ယာန်များကြားတွင် ငြင်းခုံမှုအများအပြားရှိနေသည်။ သမ္မာကျမ်းစာတွင် ၎င်းကိုအလေးအနက်မထားသောကြောင့်၊ ခရစ်ယာန်များသည် ထိုကိစ္စနှင့်စပ်လျဉ်း၍ မတူညီသောအချိန်များတွင် မတူညီသောအမြင်များရှိကြသည် ဟူသောအချက်ကို လေးစားသင့်သည်။ အချို့အရာများသည် အမှန်တကယ်ရှင်းလင်းပြီး အချို့အရာများမှာ သေချာမှုနည်းပါးသည်။ ခြားနားချက်ကို သိရန်လိုသည်။

**ဒေါက်တာ Gregory R. Perry**



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရိုးရှင်းစွာပြောရလျှင်၊ ဓမ္မပညာအပေါ် ယုံကြည်စိတ်ချမှု တိုးပွားခြင်းသည် တူညီသောအရည်အသွေးရှိရုံသာမက ကြည်ညိုလေးစားမှုလုပ်ငန်းစဉ်တစ်ခုလည်း လိုအပ်သည်။ ဤလုပ်ငန်းစဉ်တွင်၊ သန့်ရှင်းသောဝိညာဉ်တော်၏သွန်သင်ချက်နှင့် ဓမ္မပညာဆိုင်ရာရာရပ်တည်ချက်များကို ယုံကြည်စေသည့် နည်းလမ်းများကို ကျွန်ုပ်တို့ကိုယ်တိုင် နာခံပါသည်။

# ကြည်ညိုလေးစားမှုလုပ်ငန်းစဉ်

ဘုရားသခင်၏ ဖွင့်လှစ်ဖော်ပြခြင်းသမ္မာတရားကို ယုံကြည်နိုင်စေရန် သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အား အလင်းပေးသည်။ သို့သော် သူသည် ဘုရားသခင်၏လူမျိုးကို နည်းအမျိုးမျိုးဖြင့် သွန်သင်ကာ ယုံကြည်လက်ခံစေသည်။ ကျမ်းစာများတွင် ဥပမာများစွာဖော်ပြထားသည့်အတိုင်း၊ ဘုရားသခင်၏ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ဓမ္မပညာဆိုင်ရာခံယူချက်များကို အလွန်ထူးခြားသောနည်းလမ်းများဖြင့် လွတ်လပ်စွာပုံဖော်နိုင်ပါသည်။ သို့တိုင်၊ ဘုရားသခင်၏ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား ဓမ္မပညာဆိုင်ရာခံယူချက်များကိုပေးသည့် သာမန်နည်းလမ်းများရှိသေးသည်ဟုပြောခြင်းသည်လည်း မှန်တမှုရှိပါသည်။ ဝိညာဉ်တော်၏လုပ်ဆောင်မှုအမျိုးမျိုးသည် သမိုင်း၏ရှုထောင့်တိုင်းကို ဘုရားသခင်ပံ့ပိုးပေးသည့် နည်းလမ်းများစွာနှင့် တူညီသည်။

*Westminster Confession of Faith* ၏ အခန်း ၅၊ အခန်း ၃ သည် ဘုရားသခင်၏ပံ့ပိုးပေးမှုနှင့် ပတ်သက်သော ကျမ်းစာသွန်သင်ချက်ကို ကောင်းမွန်စွာ အကျဉ်းချုပ်ဖော်ပြထားသည်။ ၎င်း၌ ပြောထားသည့်အရာမှာ-

> ဘုရားသခင်သည် သူ၏သာမန်ထောက်ပံ့မှုဖြင့်၊ နည်းလမ်းများကိုအသုံးပြုသော်လည်း၊ အထက်ပါအချက်များ မပါဘဲ၊ ထက် နှင့် ဆန့်ကျင်ပြီး လွတ်လပ်စွာ လုပ်ဆောင်နိုင်သည်။

ဤထုတ်ပြန်ချက်တွင် ဘုရားသခင်သည် မြေကြီးပေါ် ရှိ ကိုယ်တော်၏အလိုတော်ကို ဆောင်ရွက်ရန်အတွက် "နည်းလမ်းများ"—ဒုတိယအကြောင်းတရားများ သို့မဟုတ် ဖန်ဆင်းခံများ—ကို ဘုရားသခင်အသုံးပြုပုံကို ဖော်ပြသည်။ ကိုယ်တော်သည် သူ၏ရည်မှန်းချက်များကို ပြီးမြောက်စေရန် ဖန်ဆင်းခံများကို အသုံးပြုကာ ဒုတိယအကြောင်းရင်းများမှတစ်ဆင့် သူ၏အစီအစဉ်ကို ပုံမှန်အတိုင်းလုပ်ဆောင်သည်။ သို့သော် တစ်ချိန်တည်းမှာပင်၊ ဘုရားသခင်သည် ဤသာမန်နည်းလမ်းတွင် ပိတ်လှောင်မထားပါ။ သူသည် ဖန်ဆင်းထားသောဖန်ဆင်းခံများ "မပါဘဲ၊ ထက် နှင့် ဆန့်ကျင်ပြီး"သူ၏အလိုဆန္ဒကို ပြီးမြောက်စေနိုင်သည်။

> ဘုရားသခင်သည် အချုပ်အခြာအာဏာဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် သူ့အားဖြင့် အသက်ရှင်နေထိုင် လှုပ်ရှားလျက် ရှိကြသော်လည်း နောက်ဆက်တွဲ အကြောင်းတရားများရှိသည်။ ထို့ကြောင့်၊ ကျွန်ုပ်သည် အခန်းအနံ့လျှောက်သွားလိုပါက၊ ဘုရားသခင်၏တည်တံ့ခိုင်မြဲသော တန်ခိုးတော်အပြင်ကို ဖြတ်ကျော်လွန်ကာ လျှောက်သွား၍မရပါ။ အမှန်တကယ် အခန်းအနံ့လျှောက်သွားလိုပါက



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> လည်း မျှော်နေရုံနှင့်မပြီးပါ။ ကျွန်ုပ်သည် အမှန်တကယ်ထ၍ လုပ်ဆောင်ရပါမည်။ ကျွန်ုပ်ကြွက်သားများ စတင်လှုပ်ရှားလာသည်။ ကျွန်ုပ်သည် အခြားရှေ့သို့ ခြေတစ်လှမ်းလှမ်းလိုက်သည်။ ထို့ကြောင့် ဤနေရာမှ ထိုနေရာသို့ရောက်လာရသည့် ကျွန်ုပ်၏နောက်ဆက်တွဲအကြောင်းရင်းသည် ခြေထောက်လှုပ်ရှားမှုများ၊ ကြွက်သားလှုပ်ရှားမှုများကြောင့် ဖြစ်သည်။ ဤအရာများအားလုံးသည် နောက်ဆက်တွဲ အကြောင်းတရားများ ဖြစ်သည်။ ထို့ပြင် ၎င်းသည် အဓိကနှင့် နောက်ဆက်တွဲအကြောင်းတရားများနှင့်ပတ်သက်၍ ကျွန်ုပ်တို့တစ်ဦးနှင့်တစ်ဦး ဆန့်ကျင်ရန် ခွင့်ပြုမထားပါ။ လက်တွေ့တွင်၊ ဤအခန်း၏ တစ်ဖက်ကို သွားခဲ့မည်ဆိုလျှင် ကျွန်ုပ်သည်လမ်းလျှောက်ခြင်းဖြင့်မဟုတ်၊ ၎င်းအစား၊ အရာအားလုံးရုတ်တရက်ဖြင့်၊ ကျွန်ုပ်စတင်စီးမျှောလာကာ၊ ထိုနေရာသို့ ပျံသန်းလာပါသည်။ အလယ်ခေတ်ကာလ၌ နောက်ဆက်တွဲအကြောင်းတရားများမရှိသောကြောင့် ၎င်းကိုအံ့ဖွယ်နိမိတ်တစ်ခုဟု ခေါ်ကြသည်။ ထို့ကြောင့်၊ ဘုရားသခင်သည် အံ့ဖွယ်အမှုများကို ပြုလုပ်နိုင်သော်လည်း၊ ဘုရားသခင် လုပ်ဆောင်သည့် ပုံမှန်နည်းလမ်းမှာ နောက်ဆက်တွဲအကြောင်းတရားများနှင့် နောက်ဆက်တွဲအကြောင်းတရားများအားဖြင့် ဖြစ်သည်။
>
> **ဒေါက်တာ Kelly M. Kapic**

ထိုနည်းတူပင်၊ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အား အလင်းပေးပြီး ဓမ္မပညာဆိုင်ရာ ရပ်တည်ချက်ကို အတည်ပြုပေးသည့် အလွန်ထူးခြားသောနှင့် သာမန်နည်းလမ်းများအကြား ခွဲခြားသိမြင်ရန် အထောက်အကူဖြစ်စေသည်။ အခါအားလျော်စွာ၊ ခရစ်ယာန်များအားလုံးသည် ၎င်းတို့ကို ကျွန်ုပ်တို့မရှာဖွေသည့်တိုင် သန့်ရှင်းသောဝိညာဉ်တော်ထံမှ ထိုးထွင်းသိမြင်မှုနှင့် ခိုင်မာသောခံယူချက်များကို တွေ့ကြုံခံစားရသည်။ ကျွန်ုပ်တို့စိတ်ထဲ မမျှော်လင့်ထားချိန် တစ်စုံတစ်ရာသည် ပေါ်လာတတ်သည်။ ကတိသစ္စာများသည် အကြောင်းပြချက်မရှိဘဲ ကျွန်ုပ်တို့အတွင်း တိုးဝင်လာသည်။ ဤကဲ့သို့သော အခြေအနေများစွာတွင်၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် ပုံမှန်အားဖြင့် သူအသုံးပြုသော နောက်ဆက်တွဲအကြောင်းရင်းများ မပါဘဲ၊ ထက် နှင့် ဆန့်ကျင်ပြီး လုပ်ဆောင်နေပါသည်။ ဝိညာဉ်တော်၏ အလွန်ထူးခြားသော ဤလုပ်ဆောင်မှုမျိုးများအရေးကြီးနေစဉ်တွင်၊ သာမန်ဓမ္မပညာသည် ဝိညာဉ်တော်အသုံးပြုသည့် သာမန်လုပ်ငန်းစဉ်များနှင့် ပို၍သက်ဆိုင်ပါသည်။

အစောပိုင်းသင်ခန်းစာတွင်ကျွန်ုပ်တို့မြင်ခဲ့သည့်အတိုင်း၊ အသင်းတော်သည် ရိုးရာဓမ္မတက္ကသိုလ်များတွင်တွေ့ရသော သာမန်ဓမ္မပညာဆိုင်ရာလေ့လာမှုအတွက် အခြေခံနယ်ပယ်သုံးခုကိုအသိအမှတ်ပြုထားသည်_ သမ္မာကျမ်းစာအနက်ဖွင့်ခြင်းဆိုင်ရာဌာန၊ လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်ဆက်ဆံမှုဆိုင်ရာ အယူဝါဒနှင့် သမိုင်းဆိုင်ရာဌာနနှင့် ခရစ်ယာန်အသက်တာဆိုင်ရာ လက်တွေ့ပိုင်းဌာန တို့ဖြစ်ကြသည်။

ဤဉာဏ်ပညာနှင့်အညီ၊ ဝိညာဉ်တော်သည် ဓမ္မပညာဆိုင်ရာ ယုံကြည်စိတ်ချမှုကိုပေးသည့် သာမန်နည်းလမ်းများကို သမ္မာကျမ်းစာအနက်ပြန်မှု၏ လွှမ်းမိုးမှုများ၊ လူ့အဖွဲ့အစည်းအတွင်း အပြန်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အလုန်ဆက်ဆံမှုနှင့် ခရစ်ယာန်လူနေမှုဘဝတို့ကို လိုက်လျောသည့် လုပ်ငန်းစဉ်တစ်ခုအဖြစ်ဖော်ပြရန် အလွန်အထောက်အကူဖြစ်စေသည်။ ဤလွှမ်းမိုးမှုသုံးမျိုးလုံးကို ကျွန်ုပ်တို့ အသေးစိတ်လေ့လာမည် မဟုတ်သော်လည်း ၎င်းတို့ကို ဤနေရာတွင် မိတ်ဆက်ပေးရန် အထောက်အကူပြုပါလိမ့်မည်။ ရှေးဦးစွာ၊ သင့်လျော်သော သမ္မာကျမ်းစာဆိုင်ရာ အနက်ပြန်မှု သို့မဟုတ် အဓိပ္ပာယ်ဖွင့်ဆိုချက်၏လွှမ်းမိုးမှုကို မည်သို့လိုက်လျောရမည်ကို သိရှိလာသောအခါတွင်၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို အလင်းပေးပြီး အတည်ပြုပေးသည်။

## သမ္မာကျမ်းစာအနက်ပြန်ခြင်း

> "exegesis" ဟူသော စကားလုံးသည် "ရှင်းပြရန်၊ ဖော်ထုတ်ရန်" နှင့် အဓိပ္ပါယ်ကို ကျမ်းပိုဒ်မှ ထုတ်ယူခြင်းဖြစ်သည်။ စာရေးသူထံမှ မဟုတ်ဘဲ၊ ၎င်းသည် စာဖတ်သူ၏ အမှီအခိုကင်းသော၊ သို့မဟုတ် ကျမ်းပိုဒ်နှင့်ပင် ဆက်စပ်နေသောကြောင့် မဟုတ်ဘဲ ကျမ်းပိုဒ်သည် တစ်စုံတစ်ရာကို ဖော်ပြနေသည်ဟု ကျွန်ုပ်တို့ပြောပါသည်။
>
> **ဒေါက်တာ Guy Waters**

အနက်ပြန်ခြင်းနယ်ပယ်—ကျမ်းစာသွန်သင်ချက်ကို ပိုင်းခြားသိမြင်နိုင်သည့် အတတ်ပညာများကိုသင်ယူခြင်း— သည် အလင်းပေးခြင်းနှင့် ယုံကြည်စိတ်ချမှုတည်ဆောက်ခြင်းအတွက် အရေးကြီးဆုံး၊ အသုံးများပြီး ထိရောက်မှုရှိသောနည်းလမ်းများထဲမှ တစ်ခုဖြစ်သည်။ သမ္မာကျမ်းစာတွင် ဘုရားသခင် ထုတ်ဖော်ထားသည့်အရာကို သင်သိချင်ပါသလား။ ၎င်းကို သင်သည်သေချာစေလိုပါသလား။ သာမာန်အားဖြင့်၊ သမ္မာကျမ်းစာကို တာဝန်သိစွာကိုင်တွယ်ဖြေရှင်းရန် ပံ့ပိုးပေးသည့် အနက်ပြန်မှုစွမ်းရည်များကို ကျွန်ုပ်တို့အသုံးပြုရမည်ဖြစ်သည်။ သမ္မာကျမ်းစာအနက်ပြန်ခြင်းကို လေးစားမှုသည် ခရစ်ယာန်ဓမ္မပညာကို ဖွံ့ဖြိုးတိုးတက်စေသည့် လုပ်ငန်းစဉ်တွင် အရေးကြီးပါသည်။

> ကျွန်ုပ်တို့သည် ခရစ်ယာန်ဓမ္မပညာကို ပြုစုပျိုးထောင်သောအခါ၊ အခြေခံမှုများကို မှန်ကန်သောနည်းဖြင့် ပြည့်စုံစေရန်အတွက် သမ္မာကျမ်းစာကို ဂရုတစိုက်စစ်ဆေးရမည်— ကျွန်ုပ်တို့ခေတ်၊ ကျွန်ုပ်တို့၏ယဉ်ကျေးမှု၌—မတူညီသောယဉ်ကျေးမှုနှင့် မတူညီသောခေတ်ကာလတွင် သင်ကြားခဲ့သည့် အခြေခံမှုများအား ကျွန်ုပ်တို့၏လက်ရှိယဉ်ကျေးမှုနှင့် လက်ရှိအချိန်တွင် အသုံးချနိုင်ရန် ဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့အား ခရစ်ယာန်ဓမ္မပညာကို သခင်ယေရှုထုတ်ဖော်ပြသပြီး သွန်သင်ပေးသည့်ပုံစံအတိုင်း အသက်ရှင်နေထိုင်ရန် ကူညီပေးသည်။ ထိုသို့လုပ်ဆောင်ရန် ပျက်ကွက်ခြင်းသည် ကျွန်ုပ်တို့အား ယေရှုသွန်သင်ခဲ့ခြင်းမှ ကွဲပြားခြားနားသောဓမ္မပညာကို ဖြစ်ထွန်းစေမည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့အား ယေရှုသွန်သင်ခဲ့သည့်အတိုင်း လုပ်ဆောင်ရန် သမ္မာကျမ်းစာကို ဂရုတစိုက် ခွဲခြမ်းစိတ်ဖြာရပါမည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

**— Rev. Pablo Torres**

ဒုတိယ၊ ကျွန်ုပ်တို့၏ ကြည့်ညိုလေးစားမှုလုပ်ငန်းစဉ်တွင် သမ္မာကျမ်းစာ၏အနက်ပြန်မှုပါဝင်ရုံသာမက၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ စိတ်ကို အလင်းပေးပြီး ကျွန်ုပ်တို့၏ ယုံကြည်ခံယူချက်များကို အတည်ပြုရန် လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်ဆက်ဆံမှုကို အများအား ဖြင့် အသုံးပြုပါသည်။

## လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်ဆက်ဆံခြင်း

တိုက်ရိုက်သမ္မာကျမ်းစာဆိုင်ရာ အနက်ပြန်မှုသည် ဓမ္မပညာတွင်ကျွန်ုပ်တို့လိုအပ်သော တစ်ခုတည်းသောလွှမ်းမိုးမှုမဟုတ်ပါ။ အထူးသဖြင့် အခြားသူများနှင့် ဆက်ဆံရာတွင် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်း၏ အကူအညီလည်း လိုအပ်ပါသည်။ အမှန်ဆိုရလျှင်၊ လူ့အဖွဲ့အစည်းမပါဘဲ တိုက်ရိုက်အနက်ပြန်ခြင်းသည် အလွန်အန္တရာယ်များသည်။ ကျွန်ုပ်တို့ အကြိမ်ကြိမ်မြင်နေရသည့်အတိုင်း၊ အယူမှားခြင်းသို့ ဦးတည်သော ပထမခြေလှမ်းသည် မကြာခဏ အနက်ပြန်ခြင်းပင်ဖြစ်သည်။ အခြားသူများနှင့် အပြန်အလှန် ဆက်ဆံခြင်း၊ ဘုရားသခင် ထုတ်ဖော်ပြသခြင်းဆိုင်ရာ ၎င်းတို့၏ ထင်မြင်ယူဆချက်များကို လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းတို့သည် ဓမ္မပညာတွင် အရေးကြီးသည်။ အကျယ်ပြန့်ဆုံးသဘောအရ၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုကူညီရန် လူသားမျိုးနွယ်တစ်ခုလုံးနှင့် အပြန်အလှန်ဆက်သွယ်ရန် ခန့်အပ်ထားသည်။

သို့သော် ဝိညာဉ်တော်၏ပြည့်စုံမှု၌ ကျိန်းဝပ်သောယုံကြည်သူများကြား အပြန်အလှန် ဆက်ဆံရေးသည် လုပ်ငန်းစဉ်အတွက် အထူးအရေးကြီးသည်။ လူ့အဖွဲ့အစည်းတွင် အပြန်အလှန် ဆက်ဆံသည့်အခါ "ဤအကြောင်းအရာများနှင့် ပတ်သက်၍ အတိတ်ကာလမှအသင်းတော်သည် မည်သည့်အရာကို ယုံကြည်ခဲ့သနည်း။ ယနေ့ ကျွန်ုပ်ပတ်ဝန်းကျင်ရှိ ဝိညာဉ်ရေးရာယုံကြည်သူများသည် ဤကိစ္စ သို့မဟုတ် ထိုပြဿနာနှင့်ပတ်သက်၍ မည်သို့ပြောကြသနည်း။ ကျွန်ုပ်၏ပုဂ္ဂိုလ်ရေးဆိုင်ရာထင်မြင်ယူဆချက်များအား အခြားသူများ၏ထင်မြင်ချက်များနှင့် မည်သို့နှိုင်းယှဉ်မည်နည်း။" လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်ဆက်ဆံမှုကို ကြည့်ညိုလေးစားခြင်းသည် ဘုရားသခင်၏ ဖွင့်လှစ်ဖော်ပြခြင်းမှ ဓမ္မပညာ ဆင်းသက်လာခြင်းလုပ်ငန်းစဉ်တွင် အရေးကြီးသည်။

> ကျွန်ုပ်တို့သည် ပရိုတက်စတင့်များအနေဖြင့် အဓိပ္ပာယ်ဖွင့်ဆိုနိုင်သောအသိုင်းအဝိုင်း၊ ဘာသာပြန်အသိုင်းအဝိုင်းအပေါ်တွင် မှီခိုနေရသောကြောင့် ကျွန်ုပ်တို့သည် သူတော်စင်များအနေဖြင့် ကြေငြာချက်တိုင်းမှန်သည်ဖြစ်စေ၊ မမှန်သည်ဖြစ်စေ အကဲဖြတ်ရမည်ဟု သမ္မာကျမ်းစာဆိုထားသည်။ ထို့ကြောင့်၊ တစ်စုံတစ်ယောက်သည် "ကြည့်လော့၊ သန့်ရှင်းသောဝိညာဉ်တော်သည် ဤအရာကို ငါ့အား ဖွင့်ပြတော်မူပြီ" ဟုဆိုသည့်အချက်အပေါ် ကျွန်ုပ်တို့ အားမကိုးပါ။ ကျွန်ုပ်တို့သိသည့်အတိုင်း အာဖရိကတွင် လူတို့သည် သန့်ရှင်းသောဝိညာဉ်တော်မှရရှိသော "ဖွင့်လှစ်ဖော်ပြခြင်းများ" များစွာရှိသည်။ ထို့ကြောင့် ညီအကိုများ၏တာဝန်သည် "နေပါဦး ညီအစ်ကို။ မင်းရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ငါတို့လက်ခံပြီး အတည်ပြု



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပြီလား”... ထို့ကြောင့်၊ ကျွန်ုပ်တို့သည် လူ့အဖွဲ့အစည်း၏ အဓိပ္ပာယ်ဖွင့်ဆို ချက်အပေါ်တွင်လည်း မူတည်နေပါသည်။

**— Prof. Jorum Mugari**

အသင်းတော်အား သမ္မာကျမ်းစာပေးအပ်ထားသောကြောင့်၊ သမ္မာကျမ်းစာကို သင်ဖတ်ရှုသည့်အခါ ကျမ်းစာကိုဖတ်ရန်၊ ကျမ်းစာလေ့လာရန်၊ ကျမ်းစာကို ဆုတောင်းရန် သင်ယူရမည်ဖြစ်ပြီး ကျမ်းစာကို အသက်ရှင်နေထိုင်ရန် သင်ယူ မည်ဆိုပါက၊ ခရစ်တော်၏ကိုယ်ခန္ဓာနှင့် မိတ်သဟာယဖွဲ့ခြင်းအထဲမှာ လုပ် ဆောင်ရပါမည်...ထိုအရာသာမက၊ သင်းအုပ်ဆရာများ၊ အသက်ကြီးသူများနှင့် ဝိညာဉ်ရေးအရ ရင့်ကျက်သူများသည် ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ထိတွေ့ခြင်းအားဖြင့် ဘုရားသခင်၏ ပြောင်းလဲခြင်းတန်ခိုးကို မခံစားရစေ မည့်ပြဿနာများကို ကျွန်ုပ်တို့၏ဘဝ၌ ရှာတွေ့နိုင်ရန် ကူညီပေးနိုင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကိုဖတ်ရှုသောအခါ၊ ဘုရားသခင့် အသင်းတော်နှင့် မိတ်သဟာယဖွဲ့ခြင်းတွင် သမ္မာကျမ်းစာကို အမြဲဖတ်ရှုရမည်ဟု နားလည်ထားရမည်ဖြစ်သည်။

**ဒေါက်တာ Steve Blakemore**

တတိယ၊ ထို့အပြင် လူ့အဖွဲ့အစည်းအတွင်း အနက်ပြန်မှုနှင့် အပြန်အလှန်ဆက်ဆံရေးကို လိုက် လျောရန်၊ ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏လမ်းပြမှုကို လိုက်လျှောက်ခြင်းဖြင့် ခရစ်ယာန်အသက်တာ သည် ယုံကြည်စိတ်ချမှုပေးရာတွင် အလွန်အရေးကြီးသောအခန်းကဏ္ဍမှပါဝင်ကြောင်းလည်း အသိ အမှတ်ပြုရမည်ဖြစ်သည်။

## ခရစ်ယာန်အသက်ရှင်ခြင်း

ခရစ်တော်အတွက် အသက်ရှင်ခြင်းသည် ကျွန်ုပ်တို့အား သမ္မာကျမ်းစာအနက်ပြန်မှုနှင့် အခြားသူ များနှင့် အပြန်အလှန်ဆက်ဆံခြင်းအတွက် ကောင်းသောပြင်ဆင်မှုကိုပေးသည်။ သစ္စာရှိစွာလိုက် လျှောက်ခြင်းသည် ကျွန်ုပ်တို့၏ဓမ္မပညာဆိုင်ရာရပ်တည်ချက်များကို စမ်းသပ်သည့်ပြိုင်ကွင်းလည်းဖြစ် သည်။ အောင်မြင်မှုနှင့် ကျရှုံးခြင်းအတွေ့အကြုံများ၊ ဆုတောင်းခြင်း၊ ဝတ်ပြုကိုးကွယ်ခြင်းနှင့် ဘုရားသ ခင်ထံအမှုဆောင်ခြင်းကဲ့သို့သော အရာများသည် ကျွန်ုပ်တို့အား အလင်းပေးရန်နှင့် ဓမ္မပညာဆိုင်ရာရပ် တည်ချက်များကို ယုံကြည်လက်ခံစေရန် ပုံမှန်အားဖြင့် ဝိညာဉ်တော်အသုံးပြုသော ကရိယာများဖြစ် သည့် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်း၏ အတိုင်းအတာများဖြစ်သည်။ ကျွန်ုပ်တို့သည် မည်သူဖြစ်ကြောင်း နှင့်ခရစ်တော်အတွက် ကျွန်ုပ်တို့အသက်ရှင်နေစဉ် တွေ့ကြုံခံစားရသောအရာသည် ကျွန်ုပ်တို့လိုက်နာ ရမည့် တတိယမြောက် အဓိကလွှမ်းမိုးမှုဖြစ်သည်။ ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏စိတ်ကိုလင်းစေရန်နှင့်

ဘုရားသခင်၏ဖွင့်လှစ်ဖော်ပြခြင်းကို မှန်ကန်စွာနားလည်ကြောင်း ယုံကြည်စိတ်ချမှုပေးရန် ခရစ်ယာန် အသက်တာကို အသုံးပြုသည်။

> သမ္မာကျမ်းစာကို ကျွန်ုပ်တို့ဖတ်ရှုသောအခါတွင် စာရေးသူသည် သမိုင်းသဘော အရ ရည်ရွယ်ထားသည့်အရာကို ဘာသာပြန်ဆိုခြင်းမျှသာမဟုတ်သော လွန်စွာ ကြွပြားသောအရာတစ်ခု ဖြစ်ပေါ်နေသည်။ ကျမ်းပိုဒ်တစ်ခု၏နောက်ခံကို ဖော်ထုတ်ရန် ကြိုးစားရုံမျှသာမဟုတ်။ ၎င်းသည် ဘုရားသခင်နှင့် ထိတွေ့ဆက်ဆံ ရမည့်အရာဖြစ်သည်။ အကြောင်းမှာ သမ္မာကျမ်းစာကို ဘုရားသခင်မှုတ်သွင်း ထားပြီး၊ ဘုရားသခင်မှုတ်သွင်းထားသောကြောင့်၊ ဘုရားသခင်သည် သူ့အ ကြောင်းပြောပြပြီး သူ၏လူများနှင့် တစ်ဦးချင်းနှင့်လည်းကောင်း၊ ကိုယ်တော် ၏လူများကို စုပေါင်းစည်းဝေးစေခြင်းဖြင့်လည်းကောင်း အဓိကတွေ့ဆုံရာနေရာ များထဲမှ တစ်ခုဖြစ်သည်ကို ကျွန်ုပ်တို့ ယုံကြည်ပါသည်။ ထို့ကြောင့်၊ လူတစ်ဦး၏ ဝိညာဉ်ရေးရာအခြေအနေသည် အမှန်တကယ် အဓိပ္ပာယ်ဖွင့်ဆိုမှုလုပ်ငန်းစဉ် တစ်ခုလုံး၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။
>
> **ဒေါက်တာ Jonathan T. Pennington**

ဤအချက်အထိ၊ ဓမ္မပညာဆိုင်ရာယုံကြည်စိတ်ချမှု တိုးပွားခြင်းသည် တူညီသောအရည် အသွေးတစ်ခု သို့မဟုတ် အတိုင်းအတာတစ်ခုအထိရှိကြောင်း၊ ဘုရားသခင်၏ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား ယုံကြည်စိတ်ချမှုပေးရန်အတွက်  ကြည့်ညိုလေးစားမှုလုပ်ငန်းစဉ်ကို ပုံမှန်အသုံးပြု ကြောင်း တွေ့မြင်ရသည်။ ယခု ကျွန်ုပ်တို့သည် ယုံကြည်ချက်အမျိုးမျိုးတွင် ကျွန်ုပ်တို့၌ရှိထားသည့် ယုံကြည်စိတ်ချမှုအဆင့်သို့ သင့်လျော်သောချိန်ညှိမှုကို မည်သို့တည်ဆောက်သင့်သည်ကို သိနိုင်ရန် အနေအထားတွင် ရှိနေပါသည်။

# သင့်လျော်သော ချိန်ညှိမှု

ကျွန်ုပ်တို့သည် ဓမ္မပညာအပေါ် ကျွန်ုပ်တို့၏ယုံကြည်စိတ်ချမှုအဆင့်များကို ချိန်ညှိခြင်း အကြောင်းပြောသောအခါ၊ ကျွန်ုပ်တို့၏ဓမ္မပညာဆိုင်ရာခံယူချက်များ၏စွမ်းအားကို တာဝန်သိသော နည်းများဖြင့်ဆုံးဖြတ်ရန် မည်မျှအရေးကြီးသည်ကို စိတ်ထဲတွင်စွဲမှတ်ထားကြသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ယုံကြည်ချက်တစ်ခုကို အခြားတစ်ခုထက် ပို၍အလေးထား ခြင်းကိုရှောင်ကြဉ်ရန် လိုအပ်သည်။ ၎င်းအစား၊ သမ္မာကျမ်းစာ၏အနက်ပြန်မှု၊ လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်အကျိုးပြုမှုနှင့် ကျွန်ုပ်တို့ယုံကြည်ရာကို ပံ့ပိုးရန် ခရစ်ယာန်တစ်ဦးချင်း အသက်ရှင်နေထိုင် မှုတွင် အတူတကွလုပ်ဆောင်ခြင်းကို သုံးသပ်ခြင်းသည် ပညာရှိရာရောက်သည်။ ဓမ္မပညာဆိုင်ရာရပ် တည်ချက်များတွင် ကျွန်ုပ်တို့၏ယုံကြည်စိတ်ချမှုကို မည်သို့သင့်လျော်မှန်ကန်စွာချိန်ညှိရမည်ဟူသော အယူအဆသည် အလွန်ရှုပ်ထွေးနိုင်သည်။ သို့သော် သင့်လျော်သောချိန်ညှိမှု မည်သို့လုပ်ဆောင်ပုံကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နားလည်ရန် အထောက်အကူဖြစ်စေသော ပုံစံတစ်ခုရှိသည်။ ကျွန်ုပ်တို့သည် ဤပုံစံကို "သေချာမှု၏ ကတော့" ဟုခေါ်ဆိုပါမည်။

ကျွန်ုပ်တို့၏ယုံကြည်ချက်နယ်ပယ်မှ အပိုင်းတစ်ခုကိုဖယ်ရှားပြီး အပြင်ဘက်အစွန်းမှ အဓိက ဗဟိုအထိ ချဲ့ထွင်သည့် ကတော့တစ်ခုကိုဖန်တီးရန် စိတ်ကူးကြည့်ပါ။ ဤကတော့ကို မတ်မတ်ထားခြင်း ဖြင့်၊ အလွှာများသည် ကျွန်ုပ်တို့၏ယုံကြည်ချက်အမျိုးမျိုးကို ကိုင်စွဲထားသည့် ယုံကြည်စိတ်ချမှုအတိုင်း အတာကို ပြသသည်။ ကတော့၏ထိပ်သည် ကျွန်ုပ်တို့၏ အဓိကယုံကြည်ချက်ဖြစ်သည်။ ကတော့၏ အောက်ခြေသည် ယုံကြည်ချက်များ၏ အပြင်ဘက်အစွန်းဖြစ်သည်။ အပေါ်နှင့်အောက်ခြေကြားတွင် မတူညီသော ခံယူချက်အဆင့်များဖြင့် ကျွန်ုပ်တို့ဆုပ်ကိုင်ထားသော ယုံကြည်ချက်များဖြစ်သည်။

ခရစ်ယာန်ဓမ္မပညာရှင်များအဖြစ် ကျွန်ုပ်တို့၏ အဓိကတာဝန်တစ်ခုမှာ သီးခြားယုံကြည်ချက် များကို မည်သည့်အဆင့်တွင်ထားရှိရမည်ကို ဆုံးဖြတ်ရန်ဖြစ်သည်။ ခရစ်ယာန်ယုံကြည်ခြင်းတွင် ဓမ္မပညာဆိုင်ရာ ရပ်တည်ချက်တစ်ခုရှိကြောင်း ကျွန်ုပ်တို့ဆုံးဖြတ်ပြီးသည်နှင့် ၎င်းကို သေချာခြင်း ကတော့တွင် မည်သည့်နေရာတွင် ထည့်သင့်သည်ကို ကျွန်ုပ်တို့သိလိုကြသည်။ ယုံကြည်စိတ်ချမှုမြင့်မား သောအဆင့်ဖြင့် ထိပ်ဆုံးသို့ရောက်သင့်ပါသလား။ သို့မဟုတ် ယုံကြည်စိတ်ချမှုလျော့နည်းသောအောက် ခြေကို ရောက်သွားသင့်ပါသလား။

ယခု၊ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အတွင်း၌ အလွန်ထူးခြားသောနည်းလမ်းများဖြင့် တစ်ခါတစ်ရံ ယုံကြည်စိတ်ချမှုအဆင့်များကိုဖန်ဆင်းပေးမည်မှာ သေချာသည်။ အကြောင်းပြချက်အ နည်းငယ်နှင့် တစ်စုံတစ်ခုကို လုံးဝယုံကြည့်မိနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ရှင်းပြနိုင်စွမ်း အနည်း ငယ်သာရှိသော အမြင်ကို ကျွန်ုပ်တို့ သံသယဖြစ်နိုင်ပါသည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် တစ်စုံတစ်ခု သည် မှန်သည် သို့မဟုတ် မှားသည်ကို ရိုးရှင်းစွာခံစားရသည်။ ကျွန်ုပ်တို့သည် ဤအတွေ့အကြုံမျိုး များကို သတိထားပြီး ၎င်းတို့အား ဘုရားသခင့်နှုတ်ကပတ်တော်၏ အကဲဖြတ်မှုတွင်နာခံသင့်သည်။ သို့သော် ဝိညာဉ်တော်၏ အလွန်ထူးခြားသောအမှုတော်များကို လျစ်လျူမရှုသင့်။

သို့တိုင်၊ ကျွန်ုပ်တို့၏ယုံကြည်ချက်များကို သေချာခြင်းကတော့တွင် ထားရှိရမည့်နေရာကိုဆုံး ဖြတ်ရန် ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို မည်သို့လမ်းပြသနည်း။ ယေဘူယျအားဖြင့်၊ ရှားပါးသောခြွင်း ချက်အနေဖြင့်၊ ကျွန်ုပ်တို့၏ယုံကြည်စိတ်ချမှုအဆင့်များကို အနက်ပြန်မှု၏လွှမ်းမိုးမှု၊ လူ့အဖွဲ့အစည်း အတွင်း အပြန်အလှန်ဆက်ဆံမှုနှင့် ခရစ်ယာန်လူနေမှုဘဝတွင် အပြန်အလှန် အကျိုးသက်ရောက်မှုများ အပေါ် သစ္စာရှိသောကြည်ညိုလေးစားမှု၏ ရလဒ်များနှင့် ချိန်ညှိသင့်သည်ဟု ဆိုနိုင်ပါသည်။ ကျွန်ုပ်တို့ သည် ၎င်းတို့၏လွှမ်းမိုးမှုအောက် ရောက်ရှိရန်ကြိုးစားသောအခါ၊ ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ယုံ ကြည်ချက်များကို သင့်လျော်သောချိန်ညှိမှုသို့ ယူလာသည်။

လက်တွေ့ကျသောအဆင့်တွင်၊ အနက်ပြန်မှု၏လွှမ်းမိုးမှု၊ လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ဆက်ဆံမှုနှင့် ခရစ်ယာန်လူနေမှုဘဝတွင် ကျွန်ုပ်တို့အားအနည်းဆုံး အခြေခံမေးခွန်းနှစ်ခုမေးရန်လိုအပ် သည်။ ပထမဦးစွာ၊ အနက်ပြန်မှု၏လွှမ်းမိုးမှု၊ လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်ဆက်ဆံမှုနှင့် ခရစ် ယာန်လူနေမှုဘဝနှင့် သီးခြားအကြောင်းအရာတစ်ခုပေါ်တွင် နေထိုင်သည့်ခရစ်ယာန်များအကြား သဟဇာတမည်မျှရှိသနည်း။ သဟဇာတရှိလေ၊ ကိစ္စရပ်တစ်ခုကို မှန်ကန်စွာ နားလည်သဘောပေါက်လာ လေ၊ ယုံကြည်စိတ်ချမှု ပိုရှိလေဖြစ်သည်။ ဒုတိယ၊ သိသာထင်ရှားသော သဘောထားကွဲလွဲမှုများရှိလာ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သောအခါ၊ လွှမ်းမိုးမှုတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသောလွှမ်းမိုးမှုသည် အခြားအရာများထက် ပိုမိုရှင်းလင်းနေပါသလား။ လွှမ်းမိုးမှုတစ်ခု သို့မဟုတ် နှစ်ခုသည် အခြားတစ်ခု သို့မဟုတ် အခြားအရာများထက် ကောင်းစွာသတ်မှတ်ထားသောအခါ၊ ကျွန်ုပ်တို့သည်သေချာခြင်းကတော့တွင် ပိုမိုရှင်းလင်းသောလွှမ်းမိုးမှုအားဖြင့် ပံ့ပိုးပေးသော ယုံကြည်ချက်ကို ထားလေ့ရှိသည်။ သို့သော်၊ အနက်ပြန်မှု၏လွှမ်းမိုးမှု၊ လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်ဆက်ဆံမှုနှင့် ခရစ်ယာန်လူနေမှုဘဝသည် သဟဇာတမဖြစ်ခြင်းနှင့် ရှင်းလင်းမှုမရှိခြင်းတွင် ညီတူညီမျှနီးပါးဖြစ်နေသောအခါ၊ ကျွန်ုပ်တို့သည် ဤယုံကြည်ချက်အား သေချာခြင်းကတော့တွင် လျော့နည်းနေတတ်သည်။

> မတူညီသောနေရာများ၌ မတူညီသောယုံကြည်ချက်များကို ကွဲပြားစေသောအရာများ၏ လွှမ်းမိုးမှုများသည် အမျိုးမျိုးဖြစ်သည်။ သို့သော် ကျွန်ုပ်တို့သည် သမ္မာကျမ်းစာသွန်သင်ချက်နှင့်ပတ်သက်၍ အကျဉ်းချုပ်ဖော်ပြနိုင်သည်။ အကြောင်းမှာသမ္မာကျမ်းစာသည် အချို့အရာများနှင့်ပတ်သက်၍ အလွန်ရှင်းလင်းပြီး အခြားအရာများနှင့်ပတ်သက်၍ အလွန်ရှင်းလင်းမှုမရှိသောကြောင့်ဖြစ်သည်။ ထို့ပြင် ၎င်းသည် မြင့်တက်အောင်နှင့် နိမ့်ဆင်းအောင် လုပ်လေ့ရှိသည်။ ခရစ်ယာန်အသင်းတော် သို့မဟုတ် လူ့အဖွဲ့အစည်း၏ လွှမ်းမိုးမှု၊ အခြားခရစ်ယာန်များနှင့် ကျွန်ုပ်တို့၏ အပြန်အလှန်ဆက်ဆံမှုများကိုလည်း တွေ့မြင်နိုင်သည်။ အကြောင်းမှာ သင်သည် ရာစုနှစ်များတစ်လျှောက် ခရစ်တော်၏ကိုယ်ခန္ဓာကို မြင်ရသည့်အတိုင်း ဤယုံကြည်ချက်ကို ထပ်ခါထပ်ခါ အတည်ပြုနေသည်နှင့်အမျှ၊ ကျွန်ုပ်တို့သည်ပုဂ္ဂိုလ်ရေးအရ ထိုကဲ့သို့ ယုံကြည်မှုမရှိသော်လည်း၊ ထိုအရာများကို ယုံကြည်သင့်သည် သို့မဟုတ် ဤသို့သောအရာများကို ယုံကြည်သင့်သည်ဟု မျှော်လင့်ထားသင့်ပါသည်။ တတိယအကြောင်းအရာသည်၊ ကျွန်ုပ်တို့ ခရစ်ယာန်တစ်ဦးချင်းစီ၏ အတွေ့အကြုံ၊ ခရစ်ယာန်အသက်ရှင်မှု၊ ဘဝအတွေ့အကြုံများဟု ထင်ပါသည်။ ယခု သမ္မာကျမ်းစာအနက်ပြန်မှုသည် ဘုရားသခင်၏ အထူးဖွင့်လှစ်ဖော်ပြခြင်းနှင့် သက်ဆိုင်ကြောင်း၊ အခြားခရစ်ယာန်များနှင့် ကျွန်ုပ်တို့တစ်ဦးချင်းစီ၏ လူ့အဖွဲ့အစည်းတွင် အသက်ရှင်နေထိုင်မှုသည် ဘုရားသခင်၏ ယေဘုယျဖွင့်လှစ်ဖော်ပြခြင်းနှင့် သက်ဆိုင်သည်ကို သတိရပါ။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည် ဤနေရာတွင် ကျွန်ုပ်တို့ကို မည်သို့လွှမ်းမိုးနေစေကာမူ၊ အကြောင်းအရာများကို ကျွန်ုပ်တို့အားသွန်သင်ပေးရန် ဘုရားသခင်အပေါ် မှီခိုနေရဆဲဖြစ်ပြီး၊ ဘုရားသခင်သည် ကျွန်ုပ်တို့အား သွန်သင်သည်ကို ပိုင်းခြားသိမြင်နိုင်စေရန် သန့်ရှင်းသောဝိညာဉ်တော်ကို ကျွန်ုပ်တို့ ရှာဖွေနေပါသည်။ သို့သော် ဤအချက်သုံးချက်ကြောင့်၊ ဤလွှမ်းမိုးမှုသုံးမျိုးသည် ကျွန်ုပ်တို့အပေါ် သက်ရောက်မှု—သမ္မာကျမ်းစာကို အနက်ပြန်ခြင်း၊ အခြားခရစ်ယာန်များနှင့် ဆက်ဆံခြင်း၊ ကျွန်ုပ်တို့၏ခရစ်ယာန်ဘဝနေထိုင်ခြင်း—တို့သည် ကျွန်ုပ်တို့ကို လွှမ်းမိုးသောကြောင့်၊ အချို့သောယုံကြည်ချက်များနှင့် အချို့သောအလေ့အကျင့်များနှင့် ကျွန်ုပ်တို့တွင်ရှိသော ခံစားချက်အချို့အပေါ် မည်မျှယုံကြည်မှုရှိသင့်သည်ကို တစ်ခါတစ်ရံ

> ၎င်းတို့က တွန်းအားပေးလိမ့်မည်။ တခါတရံ သူတို့သည် ကျွန်ုပ်တို့ကို တွန်းချလိမ့်မည်။ ယေဘူယျအားဖြင့် ပြောရလျှင် အမြဲတမ်းကိစ္စမဟုတ်သော်လည်း၊ ကျွန်ုပ်တို့၏သမ္မာကျမ်းစာအဓိပ္ပာယ်ဖွင့်ဆိုချက်သည် ပို၍သဟဇာတဖြစ်လေ၊ ခရစ်တော်၏ကိုယ်ခန္ဓာသည် ၎င်းတို့နှင့်ကျွန်ုပ်ဆက်ဆံရာတွင် အလုံးစုံသဟဇာတဖြစ်လေ၊ ကျွန်ုပ်တို့တစ်ဦးချင်း၏အတွေ့အကြုံများသည် ပို၍သဟဇာတဖြစ်လေ၊ ကျွန်ုပ်တို့သည် မှန်ကန်သည့်နေရာ၌ ယုံကြည်စိတ်ချမှုထားလေ့ရှိကြောင်း ပိုယုံကြည်လာလေ ဖြစ်သည်။
>
> **ဒေါက်တာ Richard L. Pratt, Jr.**

# နိဂုံး

ဤသင်ခန်းစာတွင်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ဖွင့်လှစ်ဖော်ပြခြင်းအပေါ် မှီခိုကိုးစားခြင်းဖြင့် ကျွန်ုပ်တို့၏ ခရစ်ယာန်ဓမ္မပညာကို တည်ဆောက်ရန် မည်သို့ကူညီပေးသည်ကို လေ့လာခဲ့ကြပါသည်။ ဖွင့်လှစ်ဖော်ပြခြင်းကိုရှာဖွေခြင်းလုပ်ငန်းစဉ်တွင်၊ ဘုရားသခင်သည် ကျွန်ုပ်တို့အား အထူးဖွင့်လှစ်ဖော်ပြခြင်းနှင့် ယေဘူယျဖွင့်လှစ်ဖော်ပြခြင်းပေးတော်မူပြီး၊ ဖန်ဆင်းခြင်းဆိုင်ရာဖွင့်လှစ်ဖော်ပြခြင်းနှင့် သမ္မာကျမ်းစာအပေါ် အတူတကွ မှီခိုအားထားရမည်ကို တွေ့ရသည်။ ဖွင့်လှစ်ဖော်ပြခြင်းကို နားလည်ခြင်းသည် အပြစ်၏အကျိုးဆက်ကြောင့် ထိခိုက်နစ်နာသော်လည်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ အလင်းပေးခြင်းဖြင့် ထပ်ဆင့်တိုးကြောင်းကိုလည်း သတိပြုမိပါသည်။ နောက်ဆုံးအနေဖြင့်၊ ကျွန်ုပ်တို့၏ ဓမ္မပညာဆိုင်ရာ ယုံကြည်ချက်များအပေါ် ယုံကြည်စိတ်ချမှု တိုးပွားခြင်းသည် သမ္မာကျမ်းစာ၏အနက်ပြန်မှု၏လွှမ်းမိုးမှု၊ လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်ဆက်ဆံမှုနှင့် ခရစ်ယာန်လူနေမှုဘဝတို့အပေါ် ကြီးမားသောအတိုင်းအတာတစ်ခုအထိ မူတည်နေကြောင်း တွေ့ရှိရသည်။

ကျွန်ုပ်တို့သည် ခရစ်ယာန်ဓမ္မပညာကို တည်ဆောက်သောအခါ၊ ဘုရားသခင်၏ ဖွင့်လှစ်ဖော်ပြခြင်းကို တွေ့ရှိသည့်နေရာတိုင်း၌ မှီခိုကိုးစားရမည်ဖြစ်သည်။ သို့သော် ဘုရားသခင်၏ ဖွင့်လှစ်ဖော်ပြခြင်းကို နားလည်ခြင်းနှင့် လက်တွေ့ကျင့်သုံးခြင်းသည် ခက်ခဲနိုင်သည်။ ထို့ကြောင့်၊ ခြေလှမ်းတိုင်း၊ ကိုယ်တော်၏ဖွင့်လှစ်ဖော်ပြခြင်းမှ ကျွန်ုပ်တို့ကို ဆွဲထုတ်နိုင်စေမည့် လုပ်ငန်းစဉ်များအတွက် ကျွန်ုပ်တို့၏ ကတိသစ္စာကို ပြန်လည်ဆန်းသစ်ရန် လိုအပ်ပါသည်။ သို့မှသာလျှင် ကျွန်ုပ်တို့၏အယူဝါဒများ၊ အလေ့အကျင့်စံနှုန်းများနှင့် ဘုရားသခင်နှစ်သက်သောနည်းလမ်းများဖြင့် ကျွန်ုပ်တို့၏စိတ်နှလုံးအခြေအနေများကို ပုံဖော်နိုင်မည်ဟု မျှော်လင့်နိုင်ပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။